ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (21-6-2008) (၅၇၁၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၂/ ၂၀၀၈)
၁၃၇၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၃/၂၀၀၈)
၁၃၇၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၀၈ ခုနှစ် ၊ ဇွန်လ ၂၀ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက် စပါးရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်နှင့် ထွန်စက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စုနှင့် နတ်သူရဲကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများအားတွေ့ဆုံပြီး ပုရွက်ဆိတ်ကုန်းကျေးရွာ နွေစပါးစံကွက် ရိတ်သိမ်းပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဆန်းက စိုက်ပျိုးရေးစက်ကိရိယာများအသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Good Brother ကုမ္ပဏီမှ ဦးမျိုးဆောင်က 4LL-1.8 အမျိုးအစား အဆင့်မြင့်စပါးရိတ်သိမ်းခြွေလှေ့စက်၏ အသုံးဝင်အကျိုးရှိပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ပုရွက်ဆိတ်ကုန်းကျေးရွာ မူလတန်းကျောင်းအတွက် ငွေကျပ်သုံးသိန်းနှင့် နတ်သူရဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ငွေကျပ်သုံးသိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ ပါဝင်သော အဖွဲ့(၃) လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ၌ ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်

နေပြည်တော် ဇွန် ၂၁

၂၀၀၈ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့ ၂၁-၆-၂၀၀၈ ရက်(စနေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာပြည်နယ်/တိုင်းနှင့် မြို့နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်း ထုတ်ပြန်ထားသည်။

ထို့အပြင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့် တိုင်းများ၏ အောင်စာရင်းများကိုပါ ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်ရေးဝေးလံသောပြည်နယ်/တိုင်းများမှ တက္ကသိုလ်ဝင်အောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

နေပြည်တော် ဇွန် ၂၁

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေး ဝေးလံသော ပြည်နယ်/တိုင်းများရှိ စာစစ်ဌာနအချို့မှ အောင်စာရင်းများကို နေပြည်တော်မြန်မာ့အသံရေဒီယို အစီအစဉ်က ဇွန်၂၁ ရက် (စနေနေ့) နံနက် ၈ နာရီ သတင်းအပြီးတွင် (၄၁ ဒသမ ၇၅ မီတာ၊ လှိုင်းလတ် ၅၂၀ မီတာနှင့် ၅၀၅ မီတာ)တို့မှ အသံလွှင့်ကြေညာပေးမည် ဖြစ်သည်။

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ် (တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ)၊ ကရင်ပြည်နယ် (ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း)၊ ချင်းပြည်နယ် (ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့်ပလက်ဝ)၊ ရခိုင်ပြည်နယ် (ဂွ၊ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်)၊ ရှမ်းပြည်နယ် [မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင်]၊ တနင်္သာရီတိုင်း (ပုလော၊ဘုတ်ပြင်းနှင့် ပလ)၊ မကွေးတိုင်း(ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ)၊ စစ်ကိုင်းတိုင်း (နန်းယွန်း၊ လေရှီးနှင့် လဟယ်)၊ ရန်ကုန်တိုင်း (ကိုကိုးကျွန်း) စသည့် စာစစ်ဌာနများကို ကြေညာပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror
ယနေ့ ဆောင်းပါးအညွှန်း

ကျော်မင်းလူ(ရွှေပြည်သာ)၏ **"ဒီမိုကရေစီပင်ပျိုလေးကို ပျိုးထောင်ရေလောင်းပေါင်းသင်ကြရအောင် (၂)"**

(ဆောင်းပါး) စာမျက်နှာ- ၆၊ ၇

အတည်ပြုချိန် ၂း၀၀

ကြေးမုံ The Mirror

၂၁-၆-၂၀၀၈
(စနေနေ့)

ကျောင်းကျန်းမာရေး ပူးပေါင်းဖော်ဆောင် ခြင်ကျားကင်းစင်ကျောင်းများ ဆက်လက်ထူထောင်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် စာသင်ကျောင်းများ ဖွင့်လှစ်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ တစ်နှစ်တာ ပညာသင်နှစ်ခရီးကို စတင်လျှောက်လှမ်းနေကြပြီဖြစ်သည်။ ဆရာ၊ ဆရာမများက ပညာရေးပန်းခင်းထဲမှ တပည့်များအား အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ကျောင်းဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများအလိုက် မိုးလုံလေလုံ စာသင်ခန်းများဖြစ်ရေး၊ စာအုပ်စာတမ်းများ ပြည့်စုံစွာရရှိရေး၊ ရေကောင်းရေသန့် ရရှိသုံးစွဲနိုင်ရေးတို့အတွက် စီမံဖြည့်ဆည်းလျက်ရှိသကဲ့သို့ ကျောင်းကျန်းမာရေး လုပ်ငန်းများကိုလည်း ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်နေကြသည်။

မိုးရာသီကာလများတွင် ခြင်ပေါက်ပွားမှုအများဆုံးဖြစ်သဖြင့် ခြင်ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါများ အများဆုံးဖြစ်နိုင်သည်။ ရေကြည်ရေသန့်တို့တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါ၊ အခြားခြင်များ အကိုက်ခံရသဖြင့် ငှက်ဖျားရောဂါ၊ ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက်ရောဂါများ ဖြစ်ပေါ်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။

ထို့ကြောင့် ရေကြည်ရေသန့်ရှိရာ၊ သိုလှောင်ရာနေရာများတွင် လောက်လမ်းများမပေါက်ပွားစေရန် ရှင်းလင်းဖယ်ရှားကြရမည့်အပြင် ရပ်ကွက်၊ နေအိမ်ဝင်းခြံ၊ ကျောင်းနှင့်ပတ်ဝန်းကျင်ရှိ ရေမြောင်းများ သန့်ရှင်းရေးကိုလည်း မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် ကျောင်းများ၌ ရေသန့်စက်များထားရှိသုံးစွဲရေး၊ ရိုးရိုးရေအိုးဖြင့်သုံးသော ကျောင်းများတွင် ကလိုရင်းဆေးခတ်၍ သုံးစွဲရေး၊ ရေလောင်းအိမ်သာ၊ ယင်လုံအိမ်သာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေး၊ အမှိုက်သရိုက်များ ရှင်းလင်းရေးတို့ကို ဂရုတစိုက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများက ရပ်ကွက်၊ ကျေးရွာများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျောင်းနှင့်ဝန်းကျင် ခြင်၊ ယင်နှိမ်နင်းရေးအတွက် ဆေးစိမ်ထားသည့် အကာအရံများ အသုံးပြုခြင်း၊ ခြင်နိုင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ကလေးသူငယ်တိုင်း ခြင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။ ။

လန်းဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာ ဓမ္မာရုံ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ လှိုင်မြို့နယ် ရွှေဟင်္သာလမ်း (၁၁)ရပ်ကွက် ၆ မိုင်ခွဲနေ ဦးလှမြင့်အား ရည်စူး၍ ဒေါ်မြင့်မြင့်၊ သားသမီး မြေးမြစ်တစ်စုက ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဝင်းမြင့်လက်ခံ ယူစဉ်။

(က-ပ)

ဆရာတော်ဦးသုမင်္ဂလ တရားပွဲ

ရန်ကုန် ဇွန် ၂၀

ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံကြီးတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝုန် ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ဆရာတော်ဦးသုမင်္ဂလ အရှင်သူမြတ်က ဝိပဿနာအလုပ်ပေး တရားတော်များကို ဇွန် ၂၁ ရက်နှင့်၂၂ ရက် ည ၇ နာရီတွင် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားမည်ဖြစ်ပါသောကြောင့် တရားနာလိုသော ဓမ္မမိတ်ဆွေများအား ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကျင်းပ

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေး နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျူး(င်) တို့ နှစ်ဖက်သဘောတူအစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒေါင်ဗီယက်ကျူး(င်) ခေါင်းဆောင်သော ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဇွန် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် လေကြောင်းဖြင့် ပြန်လည်ထွက်ခွာသွားသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတို့မှ အဆင့်မြင့်အရာကြီးများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျူး(င်) ဦးဆောင်သည့် ဗီယက်နမ် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက အဖွင့်အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်အကျိုးတူကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးအား နေပြည်တော်ရှိ ကုမုဒြာဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေး၌ နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကုမုဒြာဟိုတယ်၌ကျင်းပခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျူး(င်) တို့က နှစ်ဖက်သဘောတူ အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါလာသည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အစိုးရပိုင် ကုမ္ပဏီဖြစ်သော Petro-vietnam ကုမ္ပဏီမှ ကိုယ်စားလှယ်က မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ သုံးသောင်းကို ဒုတိယဝန်ကြီး ဦးကျော်သူက လက်ခံသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ ဒုတိယခေါင်းဆောင် ရန်ကုန်ပညာရေးတက္ကသိုလ် အငြိမ်းစား ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ခင်သိန်း၊ စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်**(အောက်ပုံ)**က အမှာစကားပြောကြားရာ၌ လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်ရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကြိုးစားဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွှန့်က **ယဉ်ကျေးမှုအမွေရှင်သန်စေ** ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ချိုချိုက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ခင်သိန်းက **ယဉ်ကျေးမှုအမွေရှင်သန်စေ** ခေါင်းစဉ်ဖြင့် ဟောပြောသော စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွှန့်အား ဂုဏ်ပြု လက်ဆောင်ပေးအပ်ပြီး ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၀

အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့ရှိ International Convention Center ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့ရှိ International Convention Center ၌ ကျင်းပသည့် အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်စဉ်။ (ဘဏ္ဍာ/အခွန်)

အဆိုပါ အစည်းအဝေးသို့ အာရှ-ဥရောပ၄၃နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပဗဟိုဘဏ်၊ ဥရောပကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အဋ္ဌမအကြိမ် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက်၉နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့ရှိ International Convention Center ၏ Tamna Hall ၌ ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ နည်းဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီး Mr.Man Soo Kang က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ Mr.Lee Myung Bak က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆုံးရှုံးမှုများအတွက် ဝမ်းနည်းကြောင်းထည့်သွင်းပြောကြားသွားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေး၊ ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို တင်ပြဆွေးနွေးကြသည်။ ထို့အပြင် ယင်းအစည်းအဝေးမှ ရလဒ်များဆိုင်ရာ တင်ပြချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးများက ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောတူခဲ့ကြသည်။

ထို့နောက် ဥရောပနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းခြင်းမှ ရရှိသည့် အတွေ့အကြုံများ၏ အာရှနိုင်ငံများအတွက် အရေးပါသော အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဥရောပကော်မရှင်က ပြုစုတင်ပြသည်။ ဥရောပနှင့် အာရှဒေသ အပြန်အလှန်မှီခိုမှုတိုးတက်နေချိန်တွင် ဥရောပ၏ အတွေ့အကြုံများနှင့် သင်ခန်းစာများကိုအခြေခံ၍ အာရှဒေသအနေဖြင့် အလေးထားသင့်သည့် ကိစ္စရပ်များအပေါ် ဝန်ကြီးများက ဆွေးနွေးညှိနှိုင်း အမြင်ချင်း ဖလှယ်ကြသည်။

ဆက်လက်၍ ဇွန် ၁၅ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယဝန်ကြီးများ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့် ဥရောပ စီးပွားရေးနှင့် အာရှစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို ကိုရီးယားသမ္မတနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က ဘဏ္ဍာရေးဆိုင်ရာအခြေခံအဆောက်အအုံနှင့် အသေးစား ဘဏ္ဍာငွေဖြည့်ဆည်းမှုကဏ္ဍတို့တွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့်လိုအပ်ချက်ဖြစ်ကြောင်း အဓိကတင်ပြကြပြီး ဝန်ကြီးများက ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းခြင်းဆိုင်ရာနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံသော နည်းလမ်းများကိုလည်း ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းကလည်း မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဒုတိယဘဏ္ဍာရေးဝန်ကြီးများက ပြင်ဆင်တည်းဖြတ်ပြီးဖြစ်သည့် သဘာပတိ၏ ထုတ်ပြန်ချက်ကို ဝန်ကြီးများက ပြင်ဆင်ဖြည့်စွက်၍ အတည်ပြုဖြန့်ဝေကြပြီး အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၅ ရက် ည ၇ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံနည်းဗျူဟာနှင့်ဘဏ္ဍာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲ၊ ဇွန်၁၆ ရက် ည ၇ နာရီတွင် ICC Jeju ၌ ဂျေဂျူးပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတို့သို့ တက်ရောက်ခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက်တွင် ကျင်းပခဲ့သည့် အာရှ-ဥရောပ ကွန်ဖရင့်၊ အာရှ-ဥရောပ ဘဏ္ဍာရေး ဒုတိယ အကြီးအကဲများ အစည်းအဝေးနှင့် သဘာပတိ ထုတ်ပြန်ချက်မူကြမ်းပြုစုရေးဆိုင်ရာ အစည်းအဝေးများသို့လည်း တက်ရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ITPEC စာမေးပွဲမေးခွန်းများပြုစုရေး အစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းနှင့် အလုပ်အမှုဆောင် ဦးဝင်းထိန်ဝင်းတို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Information-Technology Promotion (IPA) အစီအစဉ်ဖြင့် Japan Information-Technology Engineers Examination Center (JITEC) ၌ ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် Information Technology Professional Examination Council (ITPEC)စာမေးပွဲ မေးခွန်းများပြုစုရေး အစည်းအဝေးသို့ တက်ရောက်ရန် ဇွန် ၁၇ ရက်တွင် လေကြောင်းဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ **(ဝဲပုံ)**

ITPEC ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး အာရှနိုင်ငံများအတွင်း သတင်းအချက်အလက်နည်းပညာဆိုင်ရာ အင်ဂျင်နီယာများနှင့် ပညာရှင်များ၏ ကျွမ်းကျင်မှုစွမ်းရည် စံနှုန်းများ သတ်မှတ်ရေးအတွက် စာမေးပွဲများ စစ်ဆေးပေးပြီး အသိအမှတ်ပြုအောင်လက်မှတ်များ ထုတ်ပေးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း သတင်းအချက်အလက် နည်းပညာဆိုင်ရာ လုပ်ငန်းခွင်များတွင် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများမှ ပညာရှင်များ၏ ကျွမ်းကျင်မှုစွမ်းရည် စံနှုန်းများကို အသိအမှတ်ပြုနိုင်ရန် ရည်ရွယ်သည်။

ဆက်သွယ်နိုင်

အဆိုပါ ITPEC စာမေးပွဲမေးခွန်းများကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် ဧပြီလနှင့် အောက်တိုဘာလများတွင် ကျင်းပလျက်ရှိသည်။ ဖြေဆိုလိုသော ကွန်ပျူတာ ပညာရှင်များအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ်ကော်ပိုရေးရှင်း လှိုင်မြို့နယ် ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အောင်ဗမ္မာရုံကြီးပြုပြင်ရန်အတွက် ရန်ကုန်မြို့ ပြည်လမ်း ၆ မိုင်နေ ကွယ်လွန်သူ အငြိမ်းစားတိုင်းမင်းကြီး ဦးတင်ဦးနှင့် ဒေါ်ခင်သန်းကြည်တို့အား ရည်စူး၍ ဦးစောမြင့်မောင်၊ ဒေါ်တင်နွယ်ဦး၊ သမီး သီရိရတနာစောမိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

နေပြည်တော် ဇွန် ၂၀

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ်မှ စေတနာရှင်ပြည်သူများနှင့်ဌာနဆိုင်ရာများက အလှူငွေကျပ်၉၅၂၁၉၃၃၀၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများနှင့် ဌာနဆိုင်ရာများက အလှူငွေ ၁၃၆၆၀၆၇၅ ကျပ်၊ မကွေးတိုင်းမှ တပ်မတော်သား မိသားစုများက အလှူငွေကျပ် ၅၅၄၆၀၀၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၇၃၄၄၆၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေ ၂၉၃၆၅၅ ကျပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၄၈၅၆၇၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၆၁၅၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ဇွန် ၁၉ ရက် လှူဒါန်းငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၃၅၄၄၅၆၀ ဖြစ်ရာ ဇွန် ၁၉ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေ ၁၂၈၇၂၂၃၅၆၇၁ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကချင်ပြည်နယ်မှ စေတနာရှင်များ မုန်တိုင်းသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်း

ရန်ကုန် ဇွန် ၂၀

မုန်တိုင်းသင့်ပြည်သူများအတွက် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်မိသားစုများနှင့် စေတနာရှင် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးပို့လျက်ရှိရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များက ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၃၉၂၀၀၀၀၊ သစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များနှင့် သစ်စက်လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ၇၇၅၀၀၀၀၀၊ ကချင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများက ထပ်မံလှူဒါန်းငွေကျပ် ၁၈၇၀၀၀၀၊ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ စေတနာရှင်ပြည်သူများက ထပ်မံလှူဒါန်းငွေကျပ် ၁၁၉၂၉၃၃၀ တို့ကို ထပ်မံလှူဒါန်းခဲ့သဖြင့် တတိယအကြိမ်အဖြစ် ဇွန် ၁၉ ရက်တွင် ငွေကျပ် ၉၅၂၁၉၃၃၀ ကို ရန်ကုန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီသို့ ပေးပို့လှူဒါန်းခဲ့သည်။

ဇွန် ၁၉ ရက်အထိ လှူဒါန်းပြီးဖြစ်သည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၇၉၇၃၄၈၉၄၀ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး
မောင်မောင်ထွေး
ဓာတ်ပုံ-သာဉာဏ်
(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့နှင့်အတူ နိုင်ငံတော် တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစဉ်သယ်ပိုးဆောင်ရွက်လျက်ရှိသည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း တစ်တပ်တစ်အား တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။

ပဲခူးတိုင်း (အရှေ့) အဖွဲ့ခေါင်းဆောင် ကဝမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးဝင်း။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဒေးဒရဲမြို့သို့ ဇွန် ၁၉ ရက်တွင် သွားရောက်ခဲ့ပါသည်။

မိမိတို့သတင်းအဖွဲ့ဝင်များဒေးဒရဲမြို့သို့ရောက်သော် တိုက်တိုက်ဆိုင်ဆိုင်ပင် မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ပဲခူးတိုင်း(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကြုံတွေ့ခဲ့၍ လုပ်ငန်းများဆောင်ရွက် နေမှုကိုမေးမြန်းကြည့်ရာ အဖွဲ့ခေါင်းဆောင် ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးဝင်းက "ကျွန်တော်တို့အဖွဲ့မှာ အသင်းဝင်အင်အား ၁၀၀ ပါဝင်ပြီး ပဲခူးတိုင်း (အရှေ့ပိုင်း) ၁၄ မြို့နယ်က အသင်းဝင်တွေ ပါဝင်ကြပါတယ်၊ ကျွန်တော်တို့ ဘိုကလေးမြို့ကို ဇွန် ၈ရက်နေ့မှာစရောက်ပြီး ယခုဒေးဒရဲမြို့ကိုတော့ ဇွန် ၁၁ ရက်နေ့မှာ ရောက်ရှိကြပါတယ်။ မြို့နယ်တာဝန်ရှိသူများနဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နေပါတယ်။တောင်သူဦးကြီးများ ထွန်ယက်စိုက်ပျိုးဖို့ စက်မှုလယ်ယာဦးစီးဌာနကပေးပို့တဲ့ လယ်ယာသုံး စက်ကိရိယာများကိုလည်းစုရပ်များအရောက် သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်။ မြို့သန့်ရှင်းရေးနဲ့ ရေစီးရေလာ ကောင်းမွန်ရေးအတွက်လည်း နေ့စဉ် ဆောင်ရွက်လျက်ရှိပါတယ်။

"လေဘေးသင့် ဧရာဝတီတိုင်းက ပြည်သူများအတွက် ကိုယ်ချင်းစာနာစိတ်ဖြင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေမှာ ကျွန်တော်တို့အဖွဲ့ဝင်တွေအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး

ကချင်ပြည်နယ် အဖွဲ့ခေါင်းဆောင် မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးဝင်း။

အသင်း အဖွဲ့ခေါင်းဆောင် မိုးညှင်းမြို့နယ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးဝင်းက "ကျွန်တော်တို့အဖွဲ့မှာ အသင်းဝင်အင်အား ၆၀ ပါဝင်ပြီး ဇွန် ၁၄ ရက်နေ့က ဒေးဒရဲမြို့ကို ရောက်ရှိကြပါတယ်။ ဇွန် ၁၅ ရက်က စပြီး မြို့သန့်ရှင်းရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြပြီး လေဘေးသင့် တောင်သူတွေအတွက် နိုင်ငံတော်က ပေးပို့တဲ့ မျိုးစပါးတင်း ၃၀၀၀ ကိုလည်း စုရပ်တွေအရောက် သယ်ယူပေးကြပါတယ်။ နောက်ထပ် မျိုးစပါးတင်း ၁၀၀၀၀ ထပ်မံ ရောက်ရှိလာမယ်လို့သိရတဲ့အတွက် သယ်ယူပို့ဆောင်ပေးဖို့ စီစဉ်ထားပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က အသင်းဝင်တွေဟာ တောင်သူလယ်သမား၊ ဝန်ထမ်းများနဲ့ တက္ကသိုလ်ကျောင်းသားတွေစသည်ဖြင့် အလွှာစုံကပါဝင်ပြီး မြစ်ကြီးနား၊ မိုးညှင်းနဲ့ ဗန်းမော်ခရိုင်တို့က အသင်းဝင်များဖြစ်ကြပါတယ်။ ဧရာဝတီတိုင်း အတွင်းက လေဘေးသင့် ပြည်သူများနဲ့အတူ မျှဝေခံစားကြရပြီး

ဧရာဝတီတိုင်း အဖွဲ့ခေါင်းဆောင် ငနူဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အသင်း အရန်အလုပ်အမှုဆောင် ဦးတင်လှ။

ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေ အမြန်ဆုံး ပြီးမြောက်နိုင်ရေးအတွက် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်"ဟုပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ခေါင်းဆောင် ငနူဖြူမြို့နယ် အရန်အလုပ်အမှုဆောင် ဦးတင်လှက "ကျွန်တော်တို့အဖွဲ့မှာ အသင်းဝင်အင်အား ၃၀ ပါဝင်ပြီး ဒေးဒရဲမြို့ကို ဇွန်လ ၁၃ ရက်နေ့က ရောက်ရှိကြပါတယ်။ ကျွန်တော်တို့ အသင်းဝင်တွေဟာညောင်တုန်း၊ ပန်းတနော်နဲ့ ငနူဖြူမြို့နယ်က ဖြစ်ကြပြီး တောင်သူလယ်သမားတွေချည်းပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒေးဒရဲမြို့က လေဘေးသင့်တောင်သူတွေရဲ့လယ်ယာမြေ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာပါဝင်ကြပြီးလက်တွန်းထွန်စက်သရုပ်ပြမောင်းနှင်ခြင်း၊ ထွန်ယက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယနေ့ ဇွန် ၁၉ ရက် အထိ ၄၅ ဧက စုပေါင်းထွန်ယက်နိုင်ခဲ့ပါတယ်။ တောင်သူဦးကြီးတွေ ကျေနပ်အားရကြတဲ့အတွက် ကျွန်တော်တို့ အသင်းဝင်တွေအားလုံးလည်း ဝမ်းမြောက်ပီတိဖြစ်ကြရပါတယ်"ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ဒေးဒရဲမြို့မှ ပြန်လည်ထွက်ခွာချိန်ကား ညနေသို့ပင် စောင်းခဲ့ချေပြီ။ အပြန်ခရီးတွင် လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်ကို ကြည့်ရှုလေ့လာမိရာ မုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များမှ ပျောက်ကင်းစ ပြုခဲ့လေပြီ။

ဒေးဒရဲမြို့နယ်မှ တောင်သူများအတွက် စက်မှုလယ်ယာဦးစီးဌာနမှပေးပို့သော လယ်ယာသုံး စက်ကိရိယာများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက သယ်ယူလုပ်အားပေး ဆောင်ရွက်စဉ်။

အမိဧရာဝတီကား စီးဆင်းမြဲ၊ စီးဆင်းဆဲပင်။ ခေတ်အဆက်ဆက်က ဧရာဝတီ၏ သမိုင်းရေစီးကလည်း ပုံရိပ်ထင်စွာ စီးဆင်းနေသည်။

ထို့အတူ နိုင်ငံတော်နှင့် အတူ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အစဉ်လက်တွဲ ဆောင်ရွက်လျက်ရှိကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဆောင်ရွက်မှုများသည်လည်း ဧရာဝတီ၏ မြစ်ရေအလျှင် စီးဆင်းသရွေ့ ထင်ဟပ်ပေါ်လွင်နေမည်မှာအမှန်ပင် ဖြစ်ပါသည်။ ။

ဒေးဒရဲမြို့နယ် သန့်ရှင်းရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်ဆောင်ရွက်ကြစဉ်။

အိုလံပစ်နေ့အထိမ်းအမှတ် အထူးခြေစမ်း ဘောလုံးပွဲ

ရန်ကုန် ဇွန် ၂၀

၂၀၀၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အထူးခြေစမ်းဘောလုံးပွဲအဖြစ် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ (မြန်မာလိဂ်/အဆင့်မြင့်တန်း) အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ကွင်းဖွင့်ချန်ပီယံ စီးပွား/ကူးသန်းအသင်းတို့သည် ဇွန် ၂၂ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဝင်ကြေး

ယင်းခြေစမ်းပွဲတွင် အနိုင်ရသောအသင်းအား ငွေကျပ်ငါးသောင်း၊ ရှုံးသောအသင်းအား ငွေကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် ငွေကျပ်နှစ်ရာ သတ်မှတ်ထားကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်** - မိထွေး
မင်းဟိန်း၊ မြင့်မြတ်၊ ထွန်းအိန္ဒြာဗိုလ်
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၁၄း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၅၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** -ပျော်ရွှင်ပါစေ အပိုင်း(၃၅)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ **English Usage**
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း** - ဆန့်ကျင်ဘက်နှလုံးသား အပိုင်း(၂၀)
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှစ်ပတ်လည် ညီလာခံမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၀

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၂၈ ရက်မှ ဇွန်၁၃ ရက်အထိကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ (၉၇)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ခဲ့ပြီး ဇွန် ၁၄ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသည့် ရှေ့နေချုပ်ရုံးမှ ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်၊နိုင်ငံခြားရေးဝန်ကြီးဌာနအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ အလုပ်ရှင် ကိုယ်စားလှယ်ဖြစ်သည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းမောင်တို့ ပြန်လည်လိုက်ပါလာကြသည်။

အမှာစကားပြောကြား

ဒုတိယဝန်ကြီးသည် ဇွန်၁၁ရက်တွင် ကျင်းပသော စုံညီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ဇွန် ၁၀ ရက်တွင် ကျင်းပခဲ့သည့် ဘက်မလိုက် အဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမား ဝန်ကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဇွန် ၉ ရက်တွင် အာရှနှင့် ပစိဖိတ်ဒေသအုပ်စု အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့ တက်ရောက်ခဲ့ကြသည်။ ဇွန် ၁၀ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာကာရီတာပီရိုလာက မြန်မာကိုယ်စားလှယ်အဖွဲ့အား ကုလသမဂ္ဂ အဆောက်အအုံ၌ အလုပ်သဘောနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံသည်။ ယင်းဧည့်ခံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်၊ သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဇွန် ၁၁ ရက်တွင် အာဆီယံနိုင်ငံများမှအလုပ်သမားဝန်ကြီးများ အလုပ်သဘော နံနက်စာစားပွဲသို့ ဒုတိယဝန်ကြီး၊ဒုတိယရှေ့နေချုပ်နှင့်သံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ (၉၇)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (အလုပ်သမား)

ယင်းအလုပ်သဘောနံနက်စာစားပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ILO တို့ ပူးပေါင်းဆောင်ရွက်နေမှု များနှင့် ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံ၌ တိုက်ခတ်သွားသည့် လေမုန်တိုင်းဒဏ်ကြောင့် ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ အဆိုပါ နံနက်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျီနီဗာမြို့ရှိ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးများ တက်ရောက်ခဲ့ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့မှ အလုပ်ရှင်ကိုယ်စားလှယ်ဒေါက်တာ အောင်ဝင်းမောင်သည် ဇွန် ၁၂ ရက်တွင်ကျင်းပသည့် ညီလာခံစုံညီအစည်း အဝေး၌ ပါဝင် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံသာသနာပြုဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီ ဦးဆောင်သောအဖွဲ့က လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ဒုတိယအကြိမ် သွားရောက်လှူဒါန်း

ရန်ကုန် ဇွန် ၂၀

ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီ ဦးဆောင်၍ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်နှင့် တပည့်သံဃာ၊ ဒါယကာနှင့် ဒါယိကာမများက လေဘေးသင့်ပြည်သူများအား ဒုတိယအကြိမ်အဖြစ် ဇွန် ၁၅ ရက်က ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ကန်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၀၀ ခန့်တို့အတွက် ဆန်အိတ်များ၊ ကုလားပဲစိမ်း၊ လက်ဖက်နှင့်အကြော်စုံ၊ငါးသေတ္တာ၊ နို့ဆီဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်၊ နိုင်ငံဖြစ်ဘီစကွတ်မုန့်ထုပ်နှင့် မုန့်ဘူးများ၊ သက်န်း၊ ထီး၊ ဖိနပ်၊ စင်ကာပူတီရှပ်၊ ဂျင်းဘောင်းဘီနှင့် အဝတ်အထည်များ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ သွားတိုက်ဆေး၊ ကလေးကစားစရာ အရုပ်နှင့် ဘောလုံးများ တန်ဖိုးငွေကျပ် သိန်းငါးဆယ်နှင့် အလှူငွေကျပ် သိန်းနှစ်ဆယ်တို့ကို သွားရောက်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီသည် ဩဂုတ် ၁၅ ရက်တွင် ပြင်သစ်နိုင်ငံသို့ သာသနာပြုခရီးပြန်လည်ကြွချီမည်ဖြစ်ရာ ပြည်တွင်း ပြည်ပ သာသနာပြုကိစ္စနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ ရေးပစ္စည်းများနှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉ ၈၆၀ ၁၄၄၇၊ ၀၉ ၅၀ ၂၀၉၈၄၊ ၀၉ ၉၉ ၂၇၉၈၉၊ ၀၁-၅၄၈၉၁၇တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဘာသာပေါင်းစုံသို့ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၀

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများသည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် ရှမ်းစုကျေးရွာ ရွှေညောင်ပင်ကျောင်းသို့ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား ဖူးမြော်ကြည်ညိုကာသင်္ကန်း၊ ဆွမ်းဆန်တော်များ ဆပ်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မြို့ကုန်း ကျေးရွာ အသောကာရာမကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တသောဘိတအား ဖူးမြော်ကြည်ညိုကာ သင်္ကန်း၊ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် အင်လုံးကျေးရွာ ဟိန္ဒူဘုရားကျောင်းသို့ ရောက်ရှိပြီး သာသနာရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသော သွပ်နှင့် သွပ်ရိုက်သံများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဓမ္မိကာရုံစာသင်တိုက်သို့ ရောက်ရှိကြပြီးဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနတိက္ခအားဖူးမြော်ကြည်ညိုကာ မြို့နယ်အတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သာသနာရေးဝန်ကြီးဌာနကထောက်ပံ့လှူဒါန်းသော သွပ်၊ သွပ်ရိုက်သံ၊ သင်္ကန်းဒွိစုံနှင့်လှူဖွယ်ပစ္စည်းများအား ဆက်ကပ် လှူဒါန်းသည်။ ထို့နောက် အလှူရှင် စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော်ဗန်ရှီဗာဇော့ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် တပည့်ဒါယကာများက လှူဒါန်းထားသော ဆန်၊အဝတ်အထည်နှင့်စားသောက်ဖွယ်ပစ္စည်းစုံအိတ်များကို မြို့ပေါ်ရပ်ကွက်များနှင့် တိုက်ကြီးကျေးရွာအုပ်စုမှ အိမ်ထောင်စု ၄၀၀တို့ကို ထောက်ပံ့လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်စ္စနီဂျာမေဗလီဝတ်ကျောင်းသို့ ရောက်ရှိပြီးမြို့ပေါ်ရှိဗလီဝတ်ကျောင်း သုံးကျောင်းအတွက် သာသနာရေး ဝန်ကြီးဌာနမှထောက်ပံ့လှူဒါန်းသောသွပ်နှင့် သွပ်ရိုက်သံများကိုတာဝန်ရှိသူများထံပေးအပ်လှူဒါန်းသည်။ ဇွန်၁၉ရက်လှူဒါန်းမှုအစုစုမှာ သွပ်ချပ် ၁၇၅၀၊ သွပ်ရိုက်သံပိဿာ ၅၀၊သင်္ကန်းဒွိစုံ၁၈၀နှင့်လေဘေးသင့် မိသားစုဝင်များအတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ပစ္စည်းစုံ တန်ဖိုးငွေ ကျပ်သိန်း ၇၀ ကျော်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂီတအစည်းအရုံးဝင်များ နှစ်စဉ်ကြေးများ ပေးသွင်းရေးနှိုးဆော်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)သို့ ပေးသွင်းထားသော နှစ်စဉ်ကြေးနှင့်ထုတ်ဝေထားသောကတ်ပြား (အပြာရောင်)များသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သဖြင့် ဂီတအစည်းအရုံးဝင်များသည် နှစ်စဉ်ကြေးများကို ပညာရှင်များ တစ်လ ၁၀၀ နှုန်း၊ ဝါသနာရှင်များ တစ်လ ကျပ် ၅၀နှုန်းတို့ဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် နှစ်စဉ်ကြေးများပေးသွင်း၍အဖွဲ့ဝင်ကတ်ပြားအသစ်များ လဲလှယ်ကြရန် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ နှိုးဆော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့၊လှိုင်မြို့နယ်၁၀ရပ်ကွက် ခပေါင်းအိမ်ရာနေ ဦးခင်မြင့် (မွေးနေ့အလှူရှင်) -ဒေါ်လှစိန်သား၊ သမီး၊ မြေးတစ်စုကဒဂုံမြို့နယ် စကားဝါလမ်း၊မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို ပိဋကနှစ်ပုံဆောင် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



မုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့ရှိ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံတွင် အသုံးပြုရန်အတွက် POLYMER CO., LTD. မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်သောင်းက မွေ့ရာ ၁၀၀နှင့် ခေါင်းအုံးအလုံး ၂၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှလှကြည် (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဘိုကလေးမြို့)က လက်ခံရယူစဉ်။ (ကျန်းမာရေး)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လက်တွန်းထွန်စက်များ ကျေးရွာအရောက်ဖြန့်ဝေပေး

လပွတ္တာ ဇွန် ၂၀

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် စက်မှုလယ်ယာ ဦးစီးဌာနက ဇွန် ၁၉ ရက်အထိ လက်တွန်းထွန်စက် အစီး၁၇၀၀ ကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မူးယစ်ဆေးက
မင်းဘဝကို လွှမ်းမိုးနေသလား ?

မင်းဘဝ မင်းပတ်ဝန်းကျင်မှာ
မူးယစ်ဆေးအတွက် နေရာမရှိ။

No individual, family or community is safe where illicit drugs take control.

ဒီမိုကရေစီပင်ပျိုလေးကို ပျိုးထောင်ရေလောင်း ပေါင်းသင်ကြရအောင်(၂)

ကျော်မင်းလူ(ရွှေပြည်သာ)

ဒီနေ့ပြည်သူရဲ့ ပညာ၊ အသိ၊ ခံယူချက်၊ သဘောထားတွေဟာ ၉၀ပြည့်နှစ်တုန်းကနဲ့ ဘာမှမဆိုင်အောင် အများကြီးတိုးတက်ပြောင်းလဲခဲ့ပါပြီ။ အဲဒီတုန်းက ပုခက်ထဲကကလေးငယ်တွေဟာ ဒီနေ့အခြေခံဥပဒေကို ထောက်ခံမဲပေးခဲ့ကြပြီးပါပြီ။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၈ နှစ်ကရလဒ်ကို တရားသေဆုပ်ကိုင်ပြီး မဆင်မခြင် တောင်းဆိုတာမျိုးတွေကို တကယ်ပဲ စွန့်လွှတ်သင့်လှပါပြီ။ အဲဒီအစား ပကတိအရှိတရားနဲ့ လိုက်လျောညီထွေ ဖြစ်အောင် ဒီမိုကရေစီဖော်ဆောင်နေမှုမှာ အောင်မြင်သည်ထက် အောင်မြင်အောင် ပူးပေါင်းပါဝင်သင့်ကြပါပြီ။

(ယမန်နေ့မှအဆက်)

ဒါ့အပြင် ၉၀ ရွေးကောက်ပွဲတုန်းက ရွေးချယ်ခံထားရသူတွေရဲ့ အခြေအနေတွေကို ကြည့်ပြန်ရင်လည်း NLD အနိုင်ရခဲ့တဲ့ ၃၉၂ နေရာ အနက် တစ်သီးပုဂ္ဂလကို ပြောင်းသူ၊ ကွယ်လွန်သူ၊ နုတ်ထွက်သူ၊ အရည်အချင်းပျက်ယွင်းသူ၊ တည်ဆဲဥပဒေများကို ဖောက်ဖျက်တဲ့အတွက် ပြစ်ဒဏ်ကျခံရသူ၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသူ စုစုပေါင်း ၃၀၀ ကျော် ရှိခဲ့တဲ့အတွက် လက်ကျန်ကိုယ်စားလှယ်ဟာ ၈၀ တောင် မပြည့်ချင်တော့ပါဘူး။ NLD အပြင် တခြားပါတီတွေနဲ့ တစ်သီးပုဂ္ဂလတွေပါ ထည့်တွက်ပါမှ လက်ကျန်ကိုယ်စားလှယ်ဦးရေဟာ ၁၂၀ ဝန်းကျင်သာ ကျန်ပါတော့တယ်။ ဒါကြောင့် အရွေးချယ်ခံ ကိုယ်စားလှယ် စုစုပေါင်းရဲ့ ၂၄ ရာခိုင်နှုန်းခန့်သာ ရှိတော့တယ်လို့ ဆိုနိုင်ပါတယ်။

အခြေခံဥပဒေကို လေ့လာမယ်ဆိုရင် လွှတ်တော်ခေါ်ယူဖို့အတွက် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ်ရဲ့ သုံးပုံတစ်ပုံအင်အားက တောင်းဆိုမှသာ ဖြစ်မှာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်ဥပဒေမှာလည်း လွှတ်တော်ကိုယ်စားလှယ် ၃၄ ရာခိုင်နှုန်းက တောင်းဆိုပါက နိုင်ငံတော်ကောင်စီအနေနဲ့ လွှတ်တော်အစည်းအဝေးတွေကို အမြန်ဆုံးခေါ်ယူပေးရမယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် လက်ကျန် NLD ကိုယ်စားလှယ် ၈၀ လောက်က လွှတ်တော်ခေါ်ပေးဖို့တောင်းဆိုနေတာဟာ ကျွန်တော်တို့နိုင်ငံမှာ ယခင်ရှိပြီးစံနှုန်းအရရော နိုင်ငံတကာစံနှုန်းများအရပါ ဘယ်လိုမှ မကိုက်ညီတော့တာကို အထင်အရှား တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်တစ်ရပ်ရဲ့သက်တမ်းဟာ များသောအားဖြင့် အနည်းဆုံး လေးနှစ်မှ အများဆုံး ငါးနှစ်ဝန်းကျင်အထိသာ ထားကြလေ့ရှိတာမို့ ကာလအားဖြင့်လည်း အတော်လေးကို ကျော်လွန်ခဲ့ပါပြီ။ နှောင်းခဲ့တဲ့ အတိတ်ကို အတိတ်မှာပဲထားခဲ့ကြရမှာပါ။ အိပ်မက်ဆိုတာ တစ်သက်လုံး မက်နေခွင့်မရှိဘဲ အချိန်တန်လို့အိပ်ရာကနိုးရင် ပျောက်ပြယ်သွားစမြဲသာ ဖြစ်ပါတယ်။ အတိတ်ဆိုတာဟာလည်း ဘယ်လိုမှ မအပ်စပ်တော့ဘူး ဆိုရင် ပစ္စုပ္ပန်အထိ၊ အနာဂတ်အထိ သယ်သွားချင်လို့ မရနိုင်ပါဘူး။ ဒါကို NLD ရော၊ ဝါရင့်တွေပါ နားလည်စေချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် NLD အနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲလောင်းရိပ်အောက်မှာပဲ ကပ်ရပ်မှီခိုနေဖို့မသင့်တော့ပါဘူး။ လွန်ခဲ့တာတွေလည်း လွန်ခဲ့ပါပြီ၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ အတိတ်ကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်မှာ အကောင်းဆုံးကြိုးစားရင်း၊ အနာဂတ်ကောင်းအောင် တည်ဆောက်ရင်း ကိုယ့်သမိုင်းကိုယ်ရေးသွားကြရမှာသာ ဖြစ်ပါတယ်။

ဒီတော့ မှားနေရင်ပြင်ရမှာပါ။ မပြင်ဘဲ ဇွတ်အတင်း ဆက်မှားနေလို့ကတော့ အမှားသံသရာက ဘယ်တော့မှ ရုန်းထွက်နိုင်မှာ မဟုတ်ပါဘူး။ အလိုလိုနေရင်းလည်း လမ်းမှန်ပေါ်ပြန်ရောက်သွားမှာလည်း မဟုတ်ပါဘူး။ **"အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာကိုးကွယ်ရာ"** ဆိုတဲ့စကားရှိတယ်မဟုတ်လား။ ကိုယ့်အမှားကို ကိုယ်ပဲပြင်ရမှာပါ။

ဒီမိုကရေစီစနစ်ဆိုတာ နိုင်ငံရေးစနစ်တွေထဲမှာ တိုင်းပြည်နဲ့လူမျိုးအကျိုးကို ဖော်ဆောင်ပေးနိုင်တဲ့၊ အနှစ်သာရ ပြည့်ဝကောင်းမွန်တဲ့ စနစ်တစ်ခုပါပဲ။ ဒါပေမယ့် ဒီလိုတိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးဖြစ်ထွန်းဖို့က ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ဖို့လိုပါတယ်။ မှန်မှန်ကန်ကန် မကျင့်သုံးနိုင်ဘူးဆိုရင်တော့ ဘယ်လိုမှ ကောင်းကျိုးခံစားရမှာ မဟုတ်ပါဘူး။ အထက်မှာ ကျွန်တော်ပြောခဲ့သလို ၂၃၅ ပါတီက ဝိုင်းဝန်းပုံဖော်ထုဆစ်ကြမယ့် တစ်တောတစ်ကြက်ဖ ဒီမိုကရေစီမျိုး၊ တစ်ဖက်ကလည်း ဆန္ဒမဲပေးခွင့်ရှိသူ အင်အားရဲ့ သုံးပုံတစ်ပုံလောက် အနိုင်ရတာနဲ့ ငါသာငါထက် မာန်တွေတက်ပြီး အာဏာကို လက်ဝါးကြီးအုပ်ချင်တဲ့ မောင်ပိုင်စီး ဒီမိုကရေစီမျိုးတွေနဲ့ကတော့ ရွှေပြည်တော်မျှော်တိုင်းဝေး ဖြစ်နေဦးမှာပါပဲ။

ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးဖို့ဆောင်ရွက်ရာမှာ ပြည်သူအားလုံး၊ ပါတီအားလုံးက အဲဒီအသိမျိုးနဲ့ ဆင်ခြင်လိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆင်ခြင်လိုက်နာ ကျင့်သုံးနိုင်အောင် ရင့်ကျက် တဲ့အဆင့်တစ်ခုရောက်တဲ့အထိ အချိန်ယူကြရမှာပါ။ ဒီမိုကရေစီကိုဖော်ဆောင်ရာမှာ အရှိတရားက စကြရမှာဖြစ်လို့ အရှိတရားထက် ကျော်လွန်ပြီး ဇွတ်အတင်း အကောင်အထည်ဖော်လို့ မဖြစ်နိုင်ပါဘူး။ သိသိကြီးနဲ့ ဇွတ်လုပ်မယ်ဆိုရင် အကျိုးထက်အပြစ်က ပိုများသွားမှာ အသေအချာ ပါပဲ။ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲတိုးတက်လာဖို့ စိတ်ရှည်လက်ရှည် ပြုစုပျိုးထောင်ရမှာဖြစ်သလို "ခုရေတွင်းတူး၊ ခုရေကြည်သောက်" ချင်တဲ့အတ္တဆန္ဒစွဲတွေကိုလည်း ထိန်းချုပ်ကြရမှာသာဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒါမှသာ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီဆိုတာကို အနှစ်သာရရှိရှိနဲ့ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်တဲ့အဆင့်ရောက်လာမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ အပြောလွယ်သလောက် လက်တွေ့ခက်ပါတယ်။ တရားကိုယ်သဘောက သိပ်ပြီးနှစ်လိုမက်မောဖွယ်ရှိပေမယ့် မထိန်းတတ်၊ မသိမ်းတတ်၊ မလုပ်တတ်၊ မကိုင်တတ်ရင် ဆုံးရှုံးနစ်နာမှုတွေပဲဖြစ်လာမှာပါ။ ဒီကြားထဲ ငါစွဲ၊ ပါတီစွဲ၊ အတ္တစွဲတွေ လွှမ်းမိုးသွားမယ်ဆိုရင်တော့ ဆိုဖွယ်မရှိတော့ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက် ပါလီမန် ဒီမိုကရေစီခေတ်ကို ဖြတ်သန်းဖူးခဲ့ပြီးပါပြီ။ ဖဆပလ၊ ဗကပ၊ ပမညတ စသည်ဖြင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေကြားက အုပ်စုဂိုဏ်းဂဏ တိုက်ပွဲတွေကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင် ပဋိပက္ခစစ်မီးကြီး တဟုန်းဟုန်းလောင်ကျွမ်းလိုက်တာ တိုင်းပြည်တစ်ပြည်လုံး ပြာပုံမဖြစ်ရုံတမယ်ပါပဲ။ အဲဒီပဋိပက္ခတွေကြားက မွေးဖွားပေးလိုက်တဲ့ ပြည်တွင်း ဆူပူသောင်းကျန်းမှုဒဏ်ကိုလည်း ပြည်သူတွေ နှစ်ပေါင်းလေးဆယ်လောက် ကျောကော့နေအောင် ခံခဲ့ကြရတယ် မဟုတ်လား။ ဒါကြောင့် ကျွန်တော်တို့ မြန်မာပြည်သူတွေ ကြုံဖူးခဲ့တဲ့ ဒီမိုကရေစီကတော့ ခါးခဲ့ပါတယ်။ ဒါကလည်း ဒီမိုကရေစီဆိုတဲ့ စနစ်ကြောင့် မဟုတ်ပါဘူး၊ စနစ်ကို အကောင်အထည်ဖော်တဲ့ လူတွေကြောင့်၊ တစ်နည်းအားဖြင့် ငါစွဲ၊ ပါတီစွဲ၊ အတ္တစွဲတွေနဲ့ မင်းသားကြီးလုပ်ရမှဆိုတဲ့ သူတွေနဲ့ မင်းသားကြီးမလုပ်ရရလို့ ပတ်မကြီးထိုးဖောက်ခဲ့တဲ့ သူတွေကြောင့်သာဖြစ်ပါတယ်။ ပါတီနိုင်ငံရေးသမားတွေရဲ့ အကွဲအပြဲကြောင့်၊ တစ်ဖန် ပါတီတွင်း တိုက်ပွဲတွေကြောင့် တိုင်းပြည်ကတော့ ပြဿနာပေါင်းစုံနဲ့ လုံးချာလိုက်နေခဲ့ရပြီး ပြည်သူမှာလည်း ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝနဲ့ မငြိမ်းမချမ်း အထိတ်ထိတ်အလန့်လန့်နဲ့ နေရစားရ အသက်ရှင်နေရတဲ့ဘဝ ရောက်သွားခဲ့ရတာကို မေ့မပစ်သင့်ပါဘူး။

နိုင်ငံအများစုမှာတော့ တရားဝင်နိုင်ငံရေး ပါတီပေါင်းလည်း ၂၀၀ ကျော် မရှိပါဘူး။ ရွေးကောက်ပွဲဝင်တဲ့ ပါတီလည်း ၉၀ ကျော် မရှိတတ်ပါဘူး။ များသောအားဖြင့် အာဏာရပါတီနဲ့ အတိုက်အခံပါတီဆိုပြီး အဓိကပါတီကြီး နှစ်ပါတီလောက်၊ ဒါမှမဟုတ် သုံးလေးပါတီလောက်သာ ရှိတတ်ပါတယ်။ အဲဒီပါတီတွေဟာ သာမန်အားဖြင့် မူဝါဒရပ်တည်ချက်တွေ၊ သဘောထားဆန္ဒတွေ မတူကြပါဘူး၊ ဒါပေမယ့် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ကြပြီးလို့ အနိုင်ရတဲ့ပါတီက နိုင်ငံ့တာဝန်ယူပြီး ဆောင်ရွက်နေပြီ ဆိုရင်လည်း ရှုံးနိမ့်ခဲ့တဲ့ အတိုက်အခံ ပါတီဘက်က အာဏာရပါတီလုပ်သမျှ ကောင်းကောင်း၊ မကောင်းကောင်းဆန့်ကျင်မယ်၊ အပုပ်ချမယ်၊ ကန့်ကွက်မယ်လို့ စိုက်လိုက်မတ်တတ် လုပ်နေတာမျိုး၊ အလေ့အထမျိုး မတွေ့ရပါဘူး။ ကောင်းရင်ထောက်ခံမယ်၊ ပူးပေါင်းဆောင်ရွက်မယ်။ မကောင်းဘူးဆိုရင် ကန့်ကွက်မယ်၊ အကြံပြုမယ်။ ဘာပဲဖြစ်ဖြစ် သူတို့နိုင်ငံနဲ့ ပြည်သူရဲ့ အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီး ဒီမိုကရေစီရေး အသိနဲ့ယှဉ်ပြီး ဆောင်ရွက်နေကြတာဖြစ်လို့ ပြိုင်ဘက်ပါတီ နှစ်ခုအကြားမှာ အကြီးအကျယ် ပေါက်ကွဲရလောက်အောင် သဘောထား ကွဲလွဲကြတာမျိုး၊ ဝေဖန်တိုက်ခိုက်ကြတာမျိုး မရှိသလောက်ပါပဲ။ ဒီလိုရင့်ကျက်မှုရှိမှလည်း ဒီမိုကရေစီရဲ့ အနှစ်သာရနဲ့ အကျိုးကျေးဇူးကို နိုင်ငံနဲ့ပြည်သူတွေ ခံစားစံစားခွင့်ရကြမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ပန်းတိုင်ကို ချီတက်နေကြတာမှန်ရင် ရင့်ကျက်တဲ့၊ ပြည့်ဝတဲ့ ဒီမိုကရေစီ အလေ့အထကောင်းတွေကို လက်ရှိနိုင်ငံရေးပါတီကြီးတွေက စံပြလိုက်နာ ကျင့်သုံးပြီး လမ်းမှန်ပြသွားပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

အခြေခံဥပဒေသစ်ကို အတည်ပြုလိုက်နိုင်ခြင်းဟာ NLD အနေနဲ့ ၉၀ ရလဒ်ကို နိဂုံးချုပ်စေမှာ ဖြစ်တဲ့အတွက် ပါတီရဲ့အရှုံးအဖြစ် မမြင်စေချင်ပါဘူး။ တစ်ချိန်တုန်းက Time Frame မရှိဘူးလို့ တတွတ်တွတ်ရွတ်နေခဲ့သမျှအတွက် ၂၀၁၀ ရွေးကောက်ပွဲဟာ သိပ်ကိုသေချာတဲ့ Time Frame ဖြစ်နေပါပြီ။ ဒါကြောင့်ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ ၉၀ ရလဒ်ဆိုတာကို ရာဇဝင်ထဲမှာ ထားရစ်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲဆီကို အာရုံစိုက်သင့်ပါပြီ။ အဲဒီလို အာရုံပြောင်းလိုက်မယ်ဆိုရင် ဒီအခြေခံ ဥပဒေသစ်ဆိုတာ ပါတီရဲ့အောင်မြင်မှုကို ဆောင်ကြဉ်းပေးနိုင်ဖို့ လမ်းဖွင့်ပေးတဲ့ အခရာအကျဆုံး ကျေးဇူးရှင်ဆိုတာ နားလည်လက်ခံလာမှာပါ။ ဒါ့အပြင် ဒီအခြေခံဥပဒေဟာ ထာဝစဉ်တစ်သမတ်တည်း ဒီအတိုင်းသွားဖို့ မဟုတ်ပါဘူး။ ပြောရမယ်ဆိုရင် ဒီနေ့ဒီမိုကရေစီထွန်းကားနေပါပြီဆိုတဲ့ နိုင်ငံကြီးတွေမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီ အခွင့်အလမ်းများဟာ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲလာပြီးမှ လက်ရှိအဆင့်အတန်းကို ရောက်ကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အလားတူ တဖြည်းဖြည်းရင့်ကျက်တိုးတက်ကြရမှာပါ။ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်တိုးတက်လာတာနဲ့အမျှ၊ ဒီမိုကရေစီကျင့်သုံးတဲ့ ပြည်သူများ ရင့်ကျက်ပြည့်ဝလာတာနဲ့အမျှ ဒီမိုကရေစီအခွင့်အလမ်းများ ပိုမိုပွင့်လင်းလာရမှာပဲဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် ပြဋ္ဌာန်းချက်တွေနဲ့အညီ လွှတ်တော်များအတွင်းမှာ ညှိနှိုင်းဆွေးနွေးပြင်ဆင်ခွင့်ရမှာဖြစ်တဲ့အတွက် ဒီလောက်လည်း အစိုးရိမ်ကြီးဖို့မလိုပါဘူးလို့ပဲ ပြောချင်ပါတယ်။

ဒါ့အပြင် **ဒီနေ့ပြည်သူရဲ့ ပညာ၊ အသိ၊ ခံယူချက်၊ သဘောထားတွေဟာ ၉၀ ပြည့်နှစ်တုန်းကနဲ့ ဘာမှမဆိုင်အောင် အများကြီးတိုးတက်ပြောင်းလဲခဲ့ပါပြီ။ အဲဒီတုန်းက ပုခက်ထဲကကလေးငယ်တွေဟာ ဒီနေ့အခြေခံဥပဒေကို ထောက်ခံမဲပေးခဲ့ကြပြီးပါပြီ။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၈ နှစ်က ရလဒ်ကို တရားသေဆုပ်ကိုင်ပြီး မဆင်မခြင်တောင်းဆိုတာမျိုး တွေကို တကယ်ပဲ စွန့်လွှတ်သင့်လှပါပြီ။ အဲဒီအစား ပကတိအရှိတရားနဲ့ လိုက်လျောညီထွေဖြစ်အောင် ဒီမိုကရေစီ ဖော်ဆောင်နေမှုမှာ အောင်မြင်သည်ထက် အောင်မြင်အောင် ပူးပေါင်းပါဝင်သင့်ကြပါပြီ။**

တကယ်တော့ အခုလို မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၄)ကို ပြီးမြောက်အောင်မြင်တဲ့အထိ နိုင်ငံတော်နဲ့ ပြည်သူအားလုံးအနေနဲ့ အချိန်များစွာ၊ လုပ်အားနဲ့ အကြံဉာဏ်များစွာ ရင်းနှီးပေးဆပ်ခဲ့ကြရတာပါ။

ဒီလို ရင်းနှီးပေးဆပ်ခဲ့ကြပြီး အဆင့်(၄)ကျော်မှ ဘယ်လိုမှ တစ်ကပြန်စနိုင်မှာ မဟုတ်ပါဘူး။ အခုမှ ပြန်ပြီးဆွေးနွေးကြပါဦးစို့လို့ တောင်းဆိုဖို့လည်းမသင့်ပါဘူး။ ဒါ့အပြင် နောင်လာမယ့် အဆင့်တွေမှာ ဥပဒေနဲ့အညီ ပါဝင်ခွင့်ရှိသူ အားလုံး လွတ်လပ်မျှတစွာ ပါဝင်နိုင်ဖို့ အခွင့်အရေးပေးထားပြီး ဖြစ်ပါတယ်။ ဥပဒေနဲ့အညီသာ ပြုမူလိုက်နာသွားမယ်ဆိုရင် NLD ရော၊ ဝါရင့်အဖွဲ့ပါ အားလုံးပါဝင်ခွင့်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ ဒီမိုကရေစီရေး အလှည့်အပြောင်းအတွက် အခုလို အထူးသိမ်မွေ့ နက်နဲတဲ့ အခြေအနေမျိုးမှာ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ နိုင်ငံနဲ့ ပြည်သူအားလုံးအတွက် အဓိကလိုအပ်ချက် ဖြစ်နေပါတယ်။ ဒါကြောင့် NLD နဲ့ ဝါရင့်အဖွဲ့အပါအဝင် အားလုံးအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်တဲ့ ဘယ်လိုကိစ္စမျိုးကိုမဆို အထူးဆင်ခြင်သတိထားပြီး ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သွားရမှာဖြစ်သလို နိုင်ငံနဲ့ လူမျိုးရဲ့ မျက်နှာကိုကြည့်ဖို့လည်း မဖြစ်မနေ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ မူဝါဒလမ်းစဉ်(၇)ရပ်ကို မထိခိုက်စေဘဲ နှစ်ဖက်အကျိုးရှိမယ့် Win-Win Solution ကိုသာ မျှော်လင့်မိတာ အမှန်ပါ။

နိုင်ငံရေး ပါတီတစ်ရပ်အနေနဲ့ မိမိနိုင်ငံရဲ့ သိမ်မွေ့နက်နဲ ကျယ်ပြန့်တဲ့ နိုင်ငံရေး၊ လူမျိုးရေး အခြေအနေမှန်များကို အတိုင်းအတာ တစ်ခုအထိ သိရှိနားလည်ပြီး ဖြစ်ပါလိမ့်မယ်။ သိသိနဲ့ လတ်တလော ရေတိုကိစ္စကိုသာ ကြည့်မယ်ဆိုရင် ဆင်သေကိုစီးပြီး ပင်လယ်ထဲ လိုက်ပါသွားတဲ့ ကျီးမိုက်ရဲ့ နိဂုံးမျိုးသာ ကြုံရမှာမလွဲပါဘူး။

လောကမှာ ဖျက်ဆီးတာ လွယ်သလောက် တည်ဆောက်ရတာ အင်မတန် ခက်ခဲပါတယ်။ ဒါ့အပြင် ဖျက်ဆီးခံရလို့ ပျက်သွားတာကို ပြန်ပြင်ရ၊ ပြန်တည်ဆောက်ရတာက ပိုပြီး အဆပေါင်းများစွာ ခက်ခဲရှုပ်ထွေးလှပါတယ်။ ဒီနေ့အချိန်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ဟာ အားလုံးညီညီညွတ်ညွတ်နဲ့ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား၊ တစ်စီးပွားတည်း ဖြစ်နေကြပါပြီ။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❋

✼ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

တကယ့်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကောင်းတွေ ဝေဆာပြည့်လျှမ်းနေတဲ့ အခြေအနေကောင်း၊ အချိန်အခါကောင်းပါပဲ။ဒါကို မိမိအာဏာရလိုမှု၊ ပါတီဩဇာတက်လိုမှု၊ အတ္တစွဲတွေနဲ့ တည်ငြိမ်နေတဲ့ ကန်ရေပြင်ကို ဂယက်ထအောင် မလုပ်ကောင်းပါဘူး။ ရရှိလာတဲ့ အခြေအနေကောင်း၊ အခွင့်အခါကောင်းကို မိမိရရ ဆုပ်ကိုင်ပြီး ပန်းအဝင်လှအောင်လုပ်ဖို့ အချိန်တန်ပါပြီ။

တကယ်တော့ ကျွန်တော်ပြောခဲ့သလို **အခြေခံဥပဒေကို အတည်ပြုပေးလိုက်ခြင်းဟာ နိုင်ငံရေးပါတီအားလုံးအတွက် အခွင့်အလမ်းကောင်းတစ်ခုကို လမ်းဖွင့်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီအခွင့်ကောင်းကို လက်လွတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။** NLD **အနေနဲ့ အစဉ်တစိုက် အစိုးရကို ဆန့်ကျင်ခဲ့တာမှန်ပေမယ့် အစိုးရဘက်က သဘောထား ကြီးကြီးထားခဲ့တာ၊ နားလည်လိုက်လျောပေးနေသေးတာကလည်း ဒီအခွင့်ကောင်းဟာ** NLD **အတွက် အချိန်မနှောင်းသေးဘူးဆိုတာ ထင်ရှားနေပါပြီ။**

ဒီတော့ တည်ဆဲအစိုးရ ဆန့်ကျင်ရေးတွေကိုလည်း လျှော့သင့်ပါပြီ။ CRPP နဲ့ပေါင်းပြီး စင်ပြိုင်အစိုးရဖွဲ့မယ်ဆိုတဲ့ ရပ်တည်ချက်မျိုးကိုလည်း စိတ်ကူးနဲ့တောင် မပြစ်မှားသင့်တော့ပါဘူး။ မရှိကြတော့တဲ့ ရွေးချယ်ခံ ကိုယ်စားလှယ်ကြီးတွေကိုယ်စား ၉၀ ရလဒ်ဆိုတဲ့ Mandate ကြီးကိုလည်း ဖက်တွယ်မနေသင့်တော့ပါဘူး။ လွှတ်တော်ခေါ်ပေးရေးဆိုပြီးလည်း စိတ်ကူးယဉ်မနေပါနဲ့တော့။ နာဂစ်ကို အကြောင်းပြုပြီး နိုင်ငံရေးတိုက်ကွက်တွေ၊ ဘာတွေဖော်ဖို့လည်း ကြိုးစားမနေပါနဲ့တော့။ အစိုးရကို ဆန့်ကျင်အပုပ်ချတဲ့ ကြေညာချက်တွေအစား အပြုသဘောပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းချက်တွေ ဘာလို့မဖြစ်နိုင်ရမှာလဲ။ အတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေနဲ့အညီ ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်မှုတွေ ဘာလို့ မလုပ်နိုင်ရမှာလဲ။ မျှော်လင့်မိတာတော့ အပြုသဘောတွေချည်းပါပဲ။

ချုပ်ပြီးဆိုရရင် **အခြေခံဥပဒေသစ်ကိုလည်း ပြည်သူအားလုံးရဲ့ Mandate နဲ့ အတည်ပြုပေးနိုင်ခဲ့ပါပြီ။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကလည်း အောင်နိုင်သူကို ပန်းကုံးစွပ်ဖို့ စောင့်ကြိုနေပါပြီ။ ရွေးကောက်ပွဲပြီးသွားရင်ထွက်ပေါ်လာမယ့် ပြည်သူ့ကိုယ်စားလှယ်များနဲ့ လွှတ်တော်အဆင့်ဆင့်တွေ ဖွဲ့စည်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဟာ လုံးဝပုံပေါ်လာတော့မှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အားလုံး မျှော်မှန်းတောင့်တခဲ့ကြတဲ့ ဒီမိုကရေစီပန်းတိုင်ဆိုတာ တကယ့် လက်တစ်ကမ်းမှာကို ရောက်နေပါပြီ။ ပန်းတိုင်က နီးနေပြီဖြစ်သလို လမ်းကလည်း ဖြူးနေတာအမှန်ပါပဲ။**

ဒီအချိန်မှာ NLD အနေနဲ့ ဥပဒေများနဲ့အညီ ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲဝင်ပြီး ပါတီရဲ့အနာဂတ်ရပ်တည် ရှင်သန်အောင်ပွဲခံနိုင်အောင် ပြင်ဆင်ကြိုးပမ်းဖို့ အချိန်သင့်နေပြီလို့ပဲ စေတနာကောင်းနဲ့ သတိပေးချင်ပါတယ်။ ရှေ့လာမယ့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ခြင်းသည်သာ အမှန်ကန်ဆုံးနဲ့ အသင့်မြတ်ဆုံး ရွေးချယ်မှုဖြစ်ပါလိမ့်မယ်။ အလားတူ ရွေးကောက်ပွဲ လမ်းကြောင်းသည်သာ နိုင်ငံနဲ့ပြည်သူအတွက်ရော၊ အားလုံးအတွက်ပါ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံးလမ်းကြောင်း ဖြစ်ပါလိမ့်မယ်။ လမ်းမှန်ကို ရွေးချယ်လျှောက်ဖို့ အချိန်မနှောင်းသေးခင် အသိမှန်၊ အမြင်မှန်နဲ့ အမြန်ဆုံးပြင်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်တော်တို့ကတော့ NLD နဲ့ နောက်လိုက်တွေအနေနဲ့ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ဒီမိုကရေစီရေး၊ အမျိုးသားရေးခံယူချက်တွေနဲ့ နိုင်ငံနဲ့ ပြည်သူအတွက် ဒီမိုကရေစီ ပင်ပျိုလေးကို ပျိုးထောင်ရေလောင်း ပေါင်းသင်ပေးနေတာကို မြင်လို တွေ့လိုလှပါပြီ။ ။

ကျန်းမာရေး စောင့်ရှောက်

စေတနာ့ဝန်ထမ်း အလုပ်သင် ဆရာဝန်များအဖွဲ့ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်း အရှေ့ကျေးရွာ မဟာသီလာစာရာ ရွာမ ရွာဦးကျောင်းတိုက်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

'(ကျန်းမာရေး)

(၁၂)လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်မည့် **“(၁၂)လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ”** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၂၆ ရက်နှင့် ၂၇ရက်တို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ရုပ်ရှင်နှင့်ဂီတနယ်မှ အနုပညာရှင်များပါဝင်မည်ဖြစ်ရာ လက်မှတ်များကို အမျိုးသားဇာတ်ရုံ၌ ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုံရွာ-ခန္တီး(အမြန်)လမ်း အမြန်ရေယာဉ်ကြီးများပြေးဆွဲမည်

ရန်ကုန် ဇွန် ၂၀

ပို့ဆောင်ရေး ဝန်ကြီးဌာနပြည်တွင်းရေကြောင်း ပို့ဆောင်ရေးချင်းတွင်းဌာနခွဲသည် မိုးရာသီချင်းတွင်းမြစ်ရေ တိုးလာပြီဖြစ်သဖြင့် နှစ်စဉ်ပြေးဆွဲနေကျဖြစ်သော မုံရွာ-ခန္တီး(အမြန်) လမ်းကို “သလ္လာဝတီ” အမျိုးအစား(အမြန်) ရေယာဉ်ကြီးများဖြင့် ဇွန် ၂၈ ရက်မှစ၍ ယခင်နှစ်များနည်းတူ ပြေးဆွဲသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ကျေးလက်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ အလုပ်သင်ဆရာဝန်များပါဝင်သော ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို အခြေပြု၍ တော်ခရမ်း အရှေ့ကျေးရွာ မဟာသီလာစာရာ ရွာမ ရွာဦးကျောင်းတိုက်၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စေတနာ့ဝန်ထမ်း အလုပ်သင် ဆရာဝန်များအဖွဲ့တွင် အဖွဲ့ကြီးကြပ်သူအဖြစ် ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာက ဆောင်ရွက်ပြီး ဆေးတက္ကသိုလ်(၂) ဥပဒေရေးရာ ဆေးပညာဌာနမှ သရုပ်ပြ ဒေါက်တာရဲထွန်းမင်းက ဦးဆောင်ကာ ဆေးကာကွယ်ပေးသူအဖြစ် ဒေါက်တာခင်သူဇာဝင်းတို့လိုက်ပါ၍အလုပ်သင် ဆရာဝန် ကိုးဦး အဖွဲ့သည် ဆိပ်ကြီး၊ မြတ်လေးရုံ၊ ညောင်ဝိုင်း၊ တော်ခရမ်းအရှေ့နှင့် ကျွန်းချောင်း ကျေးရွာများသို့ ကွင်းဆင်းကုသပေးလျက်ရှိသည်။

အဆိုပါ အလုပ်သင် ဆရာဝန်အဖွဲ့ (၁)သည် လူနာပေါင်း ၃၀၀ ကျော်အား စမ်းသပ်ကုသပေးနိုင်ခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှုမရှိစေရန် ကျန်းမာရေး အသိပညာပေး ဟောပြောကြသည်။

စေတနာ့ဝန်ထမ်း အလုပ်သင် ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်အားဒါနပေးလှူဆောင်ရွက်မှုနှင့်အတူ ကျေးလက်ကျန်းမာရေးဌာနခွဲမှ အခြေခံကျန်းမာရေးဝန်ထမ်းများကလည်း အာဟာရဖွံ့ဖြိုးရေး၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်ခဲ့ကြသည်။

စေတနာ့ဝန်ထမ်း အလုပ်သင် ဆရာဝန်များအဖွဲ့ (၂) ကို လက်ထောက် ဆရာဝန်ဒေါက်တာဥမ္မာညွန့်တင် ခေါင်းဆောင်၍ အလုပ်သင်ဆရာဝန် ငါးဦးတို့သည် တောင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၁၆ ရက်မှစတင်၍ ဆေးခန်းဖွင့်လှစ်ကာ လူနာများအား ရောဂါစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့ထိ လူနာ ၃၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှု စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) နှင့် ရခိုင်ဝတီ တိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သောအဖွဲ့ (၄) လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ဖယ်ရှားရှင်းလင်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ချည်ထားမှန်းသိရင်ဖြေလိုက်ပါ” တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၇း၅၀ - ၁း၅၀	ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်)
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	ရွှေမြိုင်ဆန်တန်းမှာ---မျှော်မှန်း‘မြတ်နိဗ္ဗာန်စခန်း’(အပိုင်း-၁)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	နှယဉ်ဆန်းထွင် ပန်းအလှဆင် (စက်ဝိုင်းပုံပန်းထိုးနည်း)(ပန်းအိုးအကြီး)
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	သီးနှံစိုက်ပျိုးအထွက်တိုး ‘မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ’
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	မိုးရာသီတွင် အင်းလျားကန် ရေလျှံမှုမဖြစ်စေရေး ရေတံခါးတည်ဆောက်မှုအခြေအနေ
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ပန်းချီထဲမှအလှတစ်ပါး ကျောက်စီပန်းချီကား
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	Mandalay FM Logo ပြိုင်ပွဲဆုရသူများနှင့် တွေ့ဆုံခြင်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
၁၂း၀၅ - ၆း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၂၅ - ၆း၂၅	အလှမျိုးစုံလင် တောင်လေှကားမြို့တော်တစ်ခွင်
၁၂း၄၅ - ၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀ - ၆း၅၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပန်းတစ်ပွင့်တောင် ဆရာတော်အား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် ဆက်ကပ်လျှုဒါန်းသည့် ဓမ္မကထိက ဗဟုဇနဟိတရေဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တပညာသာရအား ရန်ကုန်မြို့ရှိ တပည့်ဒါယကာ၊ ဒါယိကာမများကဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို [၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၃ရက်] ၅-၇-၂၀၀၈(စနေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုသဒ္ဓါပွားနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈) ကျင်းပ

နေပြည်တော် ဇွန် ၂၀

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်ပုံနှိပ်ဖြန့်ချိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့မှုအပေါ် သုံးသပ်ဆွေးနွေးခြင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ် ရိုက်နှိပ်ဖြန့်ချိရေးအတွက် ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုံနှိပ်ဖြန့်ချိရာတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်(၆)ချက်ဖြစ်သည့် (၁) ကျောင်းသား၊ကျောင်းသူများလက်ဝယ်သို့ ဖတ်စာအုပ်များ အချိန်မီရောက်ရှိစေရန်၊ (၂) ဈေးနှုန်းချိုသာ၍ တစ်ပြေးညီနှုန်း ဖြစ်စေရန်၊ (၃) ဖတ်စာအုပ်များ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို အရည်အသွေးကောင်းသထက်ကောင်းအောင် ဆောင်ရွက်ရန်၊ (၄) ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ (၅) နိုင်ငံတော်ပိုင် ပုံနှိပ်စက်များဖြင့်သာ ပုံနှိပ်ရန်၊ (၆) ဖတ်စာအုပ်များ လက်ဆင့်ကမ်းသည့်စနစ်ကိုကျင့်သုံးရန် စသည်တို့ကို လိုက်နာဆောင်ရွက်ကြစေရန်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ရိုက်နှိပ်ရမည့် စာအုပ်အရေအတွက်၊ ရိုက်နှိပ်ပြီးစီးရမည့် ကာလ၊ ဖြန့်ဝေပေးပို့ရမည့် ကာလနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၇ ခုနှစ် မေ ၉ ရက်တွင် ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြပြီး ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ယခင်နှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လာမည့်နှစ် ဆောင်ရွက်ရမည့် အစီအမံများနှင့် အချိန်မီဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ဇူလိုင်လ နွယ်သာကီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် ဇွန် ၂၀

ယနေ့လူငယ်သည် အနာဂတ်တိုင်းပြည်၏ အဖိုးတန်ရတနာများဖြစ်သည်ဟုခံယူ၍ လူငယ်မောင်မယ်များ ထူးချွန်ထက်မြက်လာစေရန် ရည်ရွယ်လျက် နွယ်သာကီမဂ္ဂဇင်း အမှတ်(၁၀)ကို အခန်းကဏ္ဍသစ်များ တိုးချဲ့ပြီး ဘက်စုံပညာထူးချွန်သူ တစ်ဦးဖြစ်သည့် အထက(၂)စမ်းချောင်းမှ ဒသမတန်းကျောင်းသူ မထွဋ်မြတ်နိုးအောင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။**(အောက်ပုံ)**

လူငယ်တို့၏ ဗီဇစိတ်ဓာတ်ကောင်းမွန်ရေး၊ လှံ့လဝီရိယရှိရေး၊ နိုးကြားတက်ကြွ ရှိစေရေးအတွက် ပညာပေးဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများဖြင့် စုစည်းထားသည်ဖြစ်ရာ အမှတ်တရဂါရဝအဖြစ် ဆရာဇော်ဂျီ၏ မျောလျက်သာပဲ၊ မင်းချမ်းမွန်၊ ချမ်းမြဆောင်း(ကလော)၊ ညိုလွမ်းအောင်၊ မြတ်ဘုန်း(တပ်ကုန်း)၊ အောင်သာဆန်း(သံတွဲ)၊ ကိုကိုအောင်(မြကန်သာ)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ပုသိမ်မောင်ကြေးရည်၊ မောင်သင်းနွယ်(မြေပြန့်)၊ မင်းနီခိုင်(မောင်တော)တို့၏ အဖွင့်ကဗျာများ၊ မောင်ချစ်ညို(ပဲခူး)၏ ဗုဒ္ဓဝင်ရသ၊ တင်လင်းဇော်၊ သန့်စင်လတ် (ပညာရေး)၊ လေးလေးဆန်း၊ အောင်ကျော်ဆန်း၊ ချမ်းအေးမောင်၊ လှိုင်မြစ်ဦး၊ ပန်းတနော် နောင်လတ်၊ မောင်ဆန္ဒ(လယ်ဝေး)တို့၏ ကျောင်းသားရေးရာ ကဏ္ဍ၊ ဥက္ကာမင်း၏ ယတြာအဟော၊ မသဲဖြူ(ရွှေဘို)၊ မောင်မြင့်မား(ဘိုကလေး)၊ မင်းချမ်းမွန်၊ ဟန်သီဇင်၊ နန္ဒာခင်(သက္ကလ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)တို့၏ ရသဝတ္ထုများနှင့်အတူ နီမင်းဆွေ၏ တောင်ဆီမှာ မိုးတွေသည်းပါလို့ အခန်းဆက်ဝတ္ထုရှည်တို့ ဖော်ပြထားရှိပါသည်။

နွယ်သာကီမဂ္ဂဇင်းကို အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ ရွှေပြည်စိုးစာပေတိုက်၊ ရန်ကုန် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) အလက(၁) ရန်ကင်း(အရှေ့)ဖုန်း-၇၂၅၅၃၀ နှင့် ရန်ကုန်၊ မန္တလေးနှင့် အမြို့မြို့ဆိုင်များတွင် ဝယ်ယူအားပေးနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် တိရစ္ဆာန်မွေးမြူမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၂၀

ခိုင်းကျွဲ၊ ခိုင်းနွား ဖြန့်ဝေ

လေဘေးသင့်ဒေသများတွင် လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေး အထောက်အကူအဖြစ် ပြည်နယ်၊ တိုင်းအသီးသီးမှ ခိုင်းကျွဲ၊ ခိုင်းနွားများကို သယ်ဆောင်ဖြည့်တင်းပေးလျက်ရှိရာ ဇွန် ၁၉ ရက်အထိ လပွတ္တာမြို့သို့ ၈၀၃ ကောင်၊ ဖျာပုံမြို့သို့ ၂၉၆ ကောင်၊ ဘိုကလေးမြို့သို့ ၃၂၁ ကောင်၊ ဒေးဒရဲမြို့သို့ ၁၇၅ ကောင်၊ မော်လမြိုင်ကျွန်းမြို့သို့ အကောင် ၆၀ စုစုပေါင်း ၁၆၅၅ ကောင်ကို ဖြန့်ဝေပေးပြီးဖြစ်သည်။

ကျွဲနွားအစာဖြန့်ဝေ

ကမ္ဘာ့တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WSPA) က လှူဒါန်းသည့် ကျွဲနွားအားဖြည့်အစာတောင့် တန် ၁၂၀ကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ ပံ့ပိုးသယ်ဆောင်ပေးမှုဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ကုသ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်၊ တိုင်းအသီးသီးမှ တိရစ္ဆာန်ဆေးကုဝန်ထမ်းများပါဝင်သော တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု အထူးအဖွဲ့ ၁၈ ဖွဲ့သည် ကမ္ဘာ့တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WSPA) မှ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ နယ်မြေခံ ဝန်ထမ်းများနှင့် ပူးပေါင်း၍ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါကုသခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ကျွဲနွား တိရစ္ဆာန်ကောင်ရေ ၁၇၀၀၀ ကျော်အား ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကောင်ရေ ၁၂၀၀ ကျော်အား ဆေးကုသပေးခြင်းများဆောင်ရွက်ပြီးဖြစ်သည်။ မြန်မာနိုင်ငံ Fortune International Ltd. က လှူဒါန်းသည့် တိရစ္ဆာန်သုံး ရေဖျော်အားဆေးများကိုလည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

တိရစ္ဆာန်မွေးမြူရေးဇုန်တည်ထောင်

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ အစီအစဉ်အရ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲများ၊ တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ ထပ်မံထောက်ပံ့ရန်နှင့် ဧရာဝတီတိုင်းအတွင်း ကျွဲမွေးမြူရေးဇုန်တစ်ခု တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီပေါနိုင်ငံအစိုးရ လေဘေးသင့်သူများအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၀

မုန်တိုင်းဒဏ်သင့် ပြည်သူများနှင့် ဒေသများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နီပေါနိုင်ငံအစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄၀၀၀၀ကို နီပေါနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E.Ms. Guna Laxmi Sharma က ယနေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၀

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၅ ဒသမ ၈၆၄ တန်၊ အမေရိကန် ပြည်ထောင်စုမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၂ ဒသမ ၇၇ တန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) အခြေစိုက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၀ ဒသမ ၄ တန်တို့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် သစ်လေးလုံးကျေးရွာ တောင်သူ ဦးချစ်တင်၏ နွေစပါးစံကွက်၌ စပါး ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

*ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုရွက်ဆိတ်ကုန်းကျေးရွာ တောင်သူ ဦးကျော်မြင့်၏ကွင်း၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော မိုးနှမ်း ဧက ၃၀ ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် 4LL-1.8 အမျိုးအစား စပါးရိတ်သိမ်း ခြွေလှေ့စက်၊ JN အမျိုးအစား လက်တွန်းထွန်စက်၊ DF လက်တွန်းထွန်စက်များနှင့် လယ်ယာ(၂၂) ထွန်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်လေးလုံးကျေးရွာ တောင်သူ ဦးချစ်တင်၏ ၁ ဒသမ ၂၅ ဧကရှိ နွေစပါးစံကွက်၌ စပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးကြသည်။

တောင်သူ ဦးချစ်တင်၏ နွေစပါးစံကွက်၌ မနောသုခစပါးမျိုးကို စိုက်ပျိုးထားပြီး ယခုရိတ်သိမ်းမှုတွင် တစ်ဧက စပါးအစို ၁၂၄ ဒသမ၉၆ တင်း ထွက်ရှိသည်။

ထွက်ရှိ

နေပြည်တော် ပျဉ်းမနားခရိုင်၌ ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးစိုက်ပျိုးဧက ၁၁၇၁၅ ဧက စိုက်ပျိုးပြီး ယခု ဧက ၁၆၅၅၀၊ ရာခိုင်နှုန်းအားဖြင့် ၅၂ ဒသမ ၁၅ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီး၍ တစ်ဧကလျှင် ပျမ်းမျှ ၁၁၇ ဒသမ ၁၀ တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ လက်တွန်းထွန်စက်များ ကျေးရွာအရောက်ပို့

ရန်ကုန် ဇွန် ၂၀

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီက မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများသို့ လိုအပ်သော ထောက်ပံ့မှုများကို ပံ့ပိုးပေးလျက်ရှိရာ ဇွန် ၂၀ ရက် နံနက်တွင် နတ်မှူးကျေးရွာသို့ ဧရာ(၁) လက်တွန်းထွန်စက် ၁၀စီးကိုလည်းကောင်း၊ ကျွန်းချောင်းကျေးရွာသို့ ဧရာ(၁) လက်တွန်းထွန်စက် ငါးစီးကိုလည်းကောင်း၊ ကြက်လျှာကျေးရွာသို့ တစ်ဘီးထောက် လက်တွန်းထွန်စက် ရှစ်စီးကိုလည်းကောင်း ဝင်းစိန်(၁) ရေယာဉ်ဖြင့် ကျေးရွာများအရောက် ပေးပို့ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးမှူးများ လေဘေးသင့်ဒေသများသို့ ကွင်းဆင်းဆေးကု

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဧရာဝတီတိုင်း တိုင်းဦးစီးဌာနမှူး ဦးသိန်းဝင်း ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် တိုင်းရင်းဆေးမှူးများ၊ ပုသိမ်တိုင်းရင်းဆေးရုံမှ ဆရာ၊ ဆရာမများ၊ ဒေသခံဆရာများ ၅၉ ဦးပါဝင်သော အဖွဲ့ ၁၁ ဖွဲ့သည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ခံရသော ကျေးရွာများ၌ မေ ၅ရက်မှ ဇွန် ၃ ရက်အထိ လူနာ ၂၄၅၇၅ ဦးကိုလည်းကောင်း၊ တိုင်းရင်းဆေး ဆရာ၊ ဆရာမ ၅၅ ဦးပါဝင်သော အဖွဲ့ ၁၇ ဖွဲ့သည် ဇွန် ၆ရက်မှ ၁၆ရက်အထိ လူနာ ၃၁၀၅၂ ဦးကိုလည်းကောင်း ဆေးကုသပေးခြင်း၊ ဆေးပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်ငန်း ပြန်လည်ထူထောင်ရေး လှေများ ပြန်လည်တည်ဆောက်ပေးမည်

ရန်ကုန် ဇွန် ၂၀

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ်တို့မှ လှေတည်ဆောက်သူ ကျွမ်းကျင်လုပ်သားများက စခန်းသုံးခုခွဲကာ စခန်းတစ်ခုတွင် တစ်ရက်လျှင် လှေအစင်း ၂၀ နှုန်းဖြင့် ဇွန် ၁၇ ရက်မှ လုပ်ငန်းများ စတင်တည်ဆောက်လျက်ရှိသည်။

ရေလုပ်သားများအတွက် တစ်စင်းလျှင် အရှည် ၁၈ ပေ ရှိသည့် ပျဉ်းကတိုးနှင့် အပေါ်စားသစ်များဖြင့် တည်ဆောက်ထားသော စုစုပေါင်း လှေစင်းရေ ၁၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကာ ရေလုပ်သားများအား ငွေအရစ်ကျပေးချေသည့်စနစ်ဖြင့် ဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း သိရှိ ရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ အကပြိုင်ပွဲ
- ၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၁၅ ၅။ ၂၀၀၆ခုနှစ်၊ ဇူလိုင်လ(၃) ရက်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲ (အပိုင်း-၁)
- ၁း၀၅ ၆။ ၂၀၀၆ခုနှစ်၊ ဇူလိုင်လ (၃) ရက်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲ (အပိုင်း-၂)
- ၂း၃၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
- ၂း၄၅ ၈။ International News.
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၂၅ ၃။ တေးဂီတအစီအစဉ်
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၅။ မြန်မာ့ဓလေ့ရိုးရာ လက်ဝှေ့
- ၅း၁၀ ၆။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၅း၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၁။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ အပိုင်း(-၁)
- ၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်"(အပိုင်း-၆)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၃၁)**
- ၁၇။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ လေဘေးသင့် ပြည်သူများအား ကူညီလှူဒါန်း ကုသ

ရန်ကုန် ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)မှ ဦးစီး၍ အခြားသွားနှင့်ခံတွင်း ဆရာဝန်အဖွဲ့များအပါအဝင် အဖွဲ့ဝင်အင်အား ၃၅ဦးဖြင့် ဇွန် ၁၁ ရက်က ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့ရှိ လေဘေးသင့်ပြည်သူများထံ သွားရောက်ကူညီလှူဒါန်း ဆေးကုသမှုများပြုလုပ်ပေးခဲ့သည်။

အဆိုပါအဖွဲ့ကို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွဋ်နှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဦးပွင့်ဖူးတို့က ဦးဆောင်၍ International Association of Dental Research Myanmar, International College of Dentist Myanmar, Asian Pacific Dental Federation Myanmar အဖွဲ့ဝင်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ ဆရာ၊ ဆရာမများနှင့် အသင်းဝင် သွားနှင့်ခံတွင်းဆရာဝန်များ ပါဝင်ကြပြီး ဖျာပုံခရိုင် ပြည်သူ့ဆေးရုံသို့ ပထမဦးစွာ ဝင်ရောက်၍ ယင်းဆေးရုံ၌ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီသီဝင်းထံ ဆေးနှင့်ဆေးပစ္စည်းတန်ဖိုး သိန်းနှစ်ဆယ်ခန့် လှူဒါန်းခဲ့သည်။

ထို့နောက် ဖျာပုံနှင့် ဒေးဒရဲမြို့နယ်အတွင်းရှိလေဘေးဒဏ်သင့် သွားနှင့်ခံတွင်း ဆရာဝန် ငါးဦးတို့ကို အသင်း ဥက္ကဋ္ဌက ကူညီထောက်ပံ့ငွေများပေးအပ်ခဲ့သည်။**(ဝဲပုံ)** ထို့ပြင် ကနိကျေးရွာနှင့် စက်ဝကျေးရွာများရှိ လူဦးရေ ၅၀၀၀ ကျော်ခန့်အတွက် ဆန်၊ ပဲ၊ ဆား၊ အိုးခွက်၊ ပန်းကန်၊ လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ စာရေးကိရိယာ၊ ဆေးဝါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ အဝတ်အထည်၊ ထီး၊ မိုးကာစသည့် ပစ္စည်းများနှင့် လှူဒါန်းငွေ အပါအဝင် စုစုပေါင်း ငွေကျပ် ၉၁ သိန်းဖိုးခန့်ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် လှူဒါန်းခဲ့သည်။

အမရာ ဆေးကုသရေးနှင့် ကူညီထောက်ပံ့ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဒေးဒရဲမြို့နယ်အတွင်းရှိ မြစိမ်းကန်နှင့် အကယ်ချောင်းဝကျေးရွာများရှိ သွားနှင့် ခံတွင်းလူနာ ၁၅၆ ဦးကို ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ဖျာပုံခရိုင် ဘိုးဘွားရိပ်သာသို့ ဝင်ရောက်၍ ရိပ်သာရှိ အဘိုးနှင့်အဘွားများကို ပစ္စည်းနှင့်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကျန်းမာရေး)

သောက်သုံးရေနှင့် ပတ်သက်၍

သတိပေးနှိုးဆော်ချက်

- ❖ မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- ❖ သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ❖ ရေသန့်ပင်ဖြစ်လင့်ကစား မသက်ာပါက ရေကို ကျိုချက်ပြီးမှသောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ အားမာန်အပြည့်ဖြင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်း ဇွန် ၂၀

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ် အဆိုးရွားဆုံးခံရသည့် ကျေးရွာအုပ်စု ၁၆ အုပ်စုရှိသည်။ ထိုကျေးရွာများတွင် လယ်ယာလုပ်ကိုင်သူများရှိသလို ရေလုပ်သားများလည်းရှိသည်။ ထို့အတူ နေ့စဉ် ရရာအလုပ်လုပ်ကိုင်ပြီး ရပ်တည်နေသူများလည်း ပါဝင်လျက်ရှိရာ ပြန်လည်ထူထောင်ရေး လုပ်ဆောင်ရာတွင် စနစ်တကျ အသေးစိတ် စီစဉ်ဆောင်ရွက်ရသည်။

ဘိုးတီလွတ်၊ မဘော၊ နတ်မျှး၊ ငွေဇင်ယော်၊ လှိုင်းဘုန်း၊ ကြက်ရှာ၊ ကနစိုချောင်း၊ ပေါင်တစ်ချောင်းစသည့် ကျေးရွာများရှိ ရေငန်ဝင်ခဲ့သော ရေကန်များ၌ သောက်သုံးရေသန့်များရရှိရန် ရေငန်များကို ပက်ထုတ်ကာ မိုးရေများခံယူပြီး ရေသန့်ရယူသည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားများ အလုပ်အကိုင်ရရှိပြီး ကျပန်းလုပ်ကိုင်နေသူများအတွက် နေ့စဉ်ဝင်ငွေရရှိနိုင်အောင်လည်း စီစဉ်ပေးလျက်ရှိသည်။

ထို့အပြင် လေဘေးသင့်ကျေးရွာများတွင် မိမိအစီအစဉ်ဖြင့် ဓနိများ ဝယ်ယူကာ အိမ်မိုးထားသူများအတွက် တစ်အိမ်ထောင်လျှင် ဓနိပျစ်ရေ ၁၀၀ အတွက် ငွေကျပ် ၈၀၀၀ကို မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီက ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးကာ ထုတ်ပေးလျက်ရှိနေပြီဖြစ်သည်။

တစ်ဖန် အမိုးအကာအတွက် တာပေါ်လင်စများကိုအလျား ၁၅ ပေ အနံ ၁၂ ပေရှိသော အသင့်အမိုးများချုပ်ပြီး ကျေးရွာများသို့ ပေးပို့ဖြန့်ဝေပေးမှုမှာ ယခုအချိန်အထိ အိမ်ပေါင်း ၃၃၄၀ ရှိပြီး ဆက်လက်ချုပ်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ငါးတန်တစ်ရာကျေးရွာသို့ သတင်းအဖွဲ့ရောက်စဉ် ဒေါ်သန်းလှအမည်ရှိ အမျိုးသမီးကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "လူကြီးတွေက တတ်နိုင်သလောက်အဆင်ပြေအောင် လုပ်ပေးနေတာမို့ ထောက်ပံ့ရေးပစ္စည်းတွေ ရပါတယ်။ နေထိုင်ဖို့အတွက်နဲ့ အလုပ်အကိုင်အတွက်ကော စားဖို့ပါ စီစဉ်ပေးနေလို့ ကျေးဇူးတင်ရပါတယ်"ဟု ထောက်ပံ့ရေးပစ္စည်းများကို ပွေ့ပိုက်ရင်း ဖြေကြားခဲ့သည်။

ကျေးရွာများအတွင်း လမ်းများပြန်လည်ကောင်းမွန်ရန် ပြင်ဆင်မှုနှင့် ရေကန်များတူးဖော်မှုတို့မှ ထွက်ရှိလာသော မြေကြီးများကိုအမြင့်ရအောင် စုပုံပြီး ကုန်းမြင့်များအဖြစ်လည်းကျေးရွာများတွင် ထားရှိသွားမည်ဖြစ်ရာ အကယ်၍ ရေလွှမ်းမှု ကြုံတွေ့ရပါက အဆိုပါကုန်းမြင့်များသို့ ပြေးတက်ရှောင်တိမ်းနိုင်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ငါးတန်တစ်ရာ အခြေခံပညာမူလတန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာတွင် မိုးကာစ၊ တာပေါ်လင်တို့ဖြင့် ပြုပြင်ဆောက်လုပ်နေထိုင်လျက်ရှိသော အိမ်များကို တွေ့ရစဉ်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီအနေဖြင့် လေဘေးသင့်ခံခဲ့ရသော ကျေးရွာများမှ ရေလုပ်သားများအတွက် အလျား ၂၀ ပေ အနံ လေးပေရှိသော ငါးဖမ်းလှေ ၆၃၇ စင်းကို တည်ဆောက်ပေးလျက်ရှိပြီး ကျားပိုက် ၁၄၆ ခု၊ မျှောပိုက် ၃၃၅ ခု၊ ဘဝင်းပိုက် ၁၅၆ ခု၊ ဂေါ်ပိုက် ၁၇၀၀ နှင့် ကွင်းတားပိုက် ၉၀၀ တို့ကိုလည်း ဖြန့်ဝေပေးထားနိုင်ပြီဖြစ်သည်။

ရေလုပ်သားများအနေဖြင့် ရရှိသောငါးများကို အလွယ်တကူရောင်းချနိုင်ရန် ကျေးလက်ငါးဒိုင်များကိုလည်း မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီက စီစဉ်ဖွင့်လှစ်ပေးထားလျက်ရှိသည်။ ထိုသို့ ရေလုပ်သားများ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေအောင် ဆောင်ရွက်ထားမှုအပေါ် စစ်ချောင်းကျေးရွာမှ ရေလုပ်သားဦးစန်းထွေးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့ ရေလုပ်သားတွေအတွက် နိုင်ငံတော်က အခုလို ပံ့ပိုးဖြည့်ဆည်းပေးတာ ကျေးဇူးတင်လို့မဆုံးပါဘူး၊ အခုတော့ ကျွန်တော်တို့ လုပ်ငန်းမှာ ပုံမှန်လုပ်ခွင့် ရရှိသွားပြီဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထိုသို့ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ချေးငွေများထုတ်ချေးကာ ကျေးရွာဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့မှသာ ကျေးရွာသားများအနေဖြင့် မိမိတို့ကျေးရွာ၌ ကုန်ပစ္စည်းများကို လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ခံရသည့် ကျေးရွာများ၌ ကျေးရွာဈေးဆိုင်လေးများ အသီးသီး ဖွင့်လှစ်ရောင်းချနေသည်ကို မြင်တွေ့ခဲ့ရသည်။

ထို့ကြောင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ကွင်းဆင်းလေ့လာကြည့်သောအခါ ကျေးရွာတိုင်း၌ လူနေမှုဘဝ ပုံမှန်ရရှိအောင် အစီအစဉ်ရှိရှိ စနစ်တကျဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိနေကြောင်း ကွင်းဆင်းရေးသား ဖော်ပြလိုက်ပါသည်။ ။

ကြေးမုံ The Mirror

ပြည်သူ့ထံမှ ပေးစာ

စက်ရက်ကန်းမှ ဓာတ်ငွေ့အန္တရာယ်စိုးရိမ်ဖွယ်

စာတည်းခင်ဗျား-

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် တမာကုန်းစံပြကျေးရွာတွင် လူဦးရေ ၇၀၀၀ ကျော်နေထိုင်လျက်ရှိပါသည်။ အဆိုပါ ကျေးရွာရှိ ပုဂ္ဂလိက စက်ရက်ကန်းလုပ်ငန်းများသည် စပါးခွံလောင်စာ (အရပ်ခေါ် ဖွဲ့အင်ဂျင်)ဖြင့် လည်ပတ်လျက်ရှိရာ ဖွဲ့အင်ဂျင်မှ ထွက်သောဓာတ်ငွေ့ အနံ့ဆိုးကို ရှူရှိုက်နေရသဖြင့် ချောင်းဆိုး၊ ခေါင်းမူး၊ ဇက်ကြောတက်၊ မျက်နှာများရောင်အမ်းပြီး ကျန်းမာရေး ထိခိုက်နေပါသည်။ ထို့အပြင် အသုံးပြုပြီး ဖွဲ့ပြာများကို လမ်းဘေးတွင် ပုံထားခြင်း၊ စွန့်ပစ်ဓာတ်ငွေ့ရည်များမှရွာချောင်းအတွင်းသို့ စီးဝင်နေသဖြင့် သောက်သုံးမိသော ကြက်၊ ဝက်၊ ဆိတ်များ သေဆုံးခြင်း၊ ရေဆင်းချိုးသူများ အဖုအပိန့်များထွက်ပြီး တစ်ကိုယ်လုံး ယားယံခြင်းများ ဖြစ်ပေါ်ကြပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ စက်ရက်ကန်းလုပ်ငန်းများအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တမာကုန်းရွာသားများ

ကားဘော်ဒီထုရိုက်သံ နားမခံသာ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (ဂ)ရပ်ကွက် သံသုမာလမ်းမကြီးပေါ်၌မော်တော်ယာဉ်ပြုပြင်တပ်ဆင်၊ ဆေးမှုတ်သည့် လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ဆေးမှုန်များ၊ သံညှော်နံ့များ ပျံ့နှံ့လျက်ရှိပြီး မီးစက်သံ၊ ကျောက်စက်သံ၊ ဘော်ဒီထုရိုက်သံများကြောင့်ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူများ

မုန့်ဆိုင်မှညှော်နံ့ ပတ်ဝန်းကျင် ပျံ့နှံ့

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်းထိပ်ရှိ မုန့်ဆိုင်တစ်ဆိုင်သည် နေ့စဉ် မွန်းလွဲပိုင်းမှ ညဦးပိုင်းအထိ ဆီကြော်မုန့်များ ရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ညှော်နံ့ကို နေ့စဉ်ရှူရှိုက်နေရသဖြင့် ကျန်းမာရေး ထိခိုက်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မုန့်ဆိုင်အား စိစစ်ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

ပဲပြားစက်ရုံကြောင့်ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၀)ရပ်ကွက် ကင်မွန်းခြံ ကန်လမ်းတွင် ပဲပြားနှင့် ပဲပင်ပေါက်ထုတ်လုပ် ရောင်းချသော လုပ်ငန်းတစ်ခုကို နေ့စဉ် ညနေ ၆ နာရီမှ နောက်နေ့ နံနက် ၆ နာရီခန့်အထိ လုပ်ကိုင်လျက်ရှိရာ အဆိုပါ စက်ရုံမှ စွန့်ပစ်သော ပစ္စည်းများမှ အချဉ်ပေါက်နေသော အနံ့ဆိုးများ၊ ရေသိုး ရေပုပ်များကြောင့် လမ်းသူလမ်းသားများ၏ ကျန်းမာရေး ထိခိုက်လျက်ရှိပါသည်။ အထူးသဖြင့် ရေပုပ်မြောင်းအတွင်း ခြင်များ ပေါက်ပွားသဖြင့် ကလေးသူငယ်များ ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများခံစားကြရပါသည်။

ထို့ပြင်ပဲပြားစက်ရုံ ညပိုင်း အလုပ်လုပ်သူများ၏ အော်ဟစ်ပြောဆိုသံများ၊ ဖွဲ့မီးဖိုကြီးများ အသုံးပြု၍ ပဲပြားကျိုချက်ခြင်းများကြောင့် မီးပွားဖွဲ့ပြာများ လွင့်စဉ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းမှ အဆိုပါ ပဲပြားစက်ရုံ လုပ်ငန်းအား လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အောင်သပြေလမ်း ကတ္တရာခင်းပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ၁၉ ရပ်ကွက်ရှိ အောင်သပြေလမ်းသည် ပေ ၃၀၀၀ ခန့်ရှည်သည့် ကျောက်ခင်းလမ်းဖြစ်ပြီး အချို့နေရာများတွင် လမ်းသားများ ပျက်စီးလျက်ရှိပါသည်။ အထူးသဖြင့် မိုးရာသီတွင် ပြည်သူများ သွားလာရာ၌ မကြာခဏ ချော်လဲကြပါသည်။ သို့ဖြစ်ပါ၍ အောင်သပြေလမ်းအား ပြုပြင်ဆောင်ရွက် ကတ္တရာလမ်းခင်း ပေးပါရန် တင်ပြအပ်ပါသည်။

၁၉ ရပ်ကွက်သူများ

ဝက်မွေးမြူရေး အနံ့အသက်ဆိုး

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် အလယ်ခိုင်ရွှေဝါလမ်းရှိ အိမ်တစ်အိမ်၏နောက်ဘက်၌ ဝက်များမွေးမြူထားရာ ဝက်စာအပုပ် အနံ့ဆိုးများနှင့် ဝက်ချေးနံ့များကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ ဝက်မွေးမြူရေး လုပ်ငန်းအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခိုင်ရွှေဝါလမ်းသားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ကမ်းနားလမ်းမှ ညှော်နံ့ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ပတ္တမြားရပ်ကွက် ကမ်းနားလမ်း၌ အိုးကြာကွေးကြော်သည့် လုပ်ငန်းကို နေ့စဉ် နံနက် ၃ နာရီမှစ၍ လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ညှော်နံ့ကြောင့် ကျန်းမာရေး ထိခိုက်ကြရပါသည်။ သို့ဖြစ်ပါ၍ ကမ်းနားလမ်း ညှော်နံ့ကင်းရေး လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဝါးခယ်မသား

ရေမလာတာအတော်ကြာ ဆောင်ရွက်ပြီးစီး

၉-၃-၂၀၀၈ နေ့ထုတ် ကြေးမုံသတင်းစာပါ သာကေတမြို့နယ် (၅) ရပ်ကွက် မြင်တော်သာလမ်း ရုပ်ရှင်ရုံအနီးမှ **ရေမလာတာအတော်ကြာ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ညလုံးပေါက်သီချင်းဖွင့်မှု ဆောင်ရွက်ပြီးစီး

၅-၄-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပြင်ဦးလွင်မြို့နယ် ယုဇနရုပ်ရှင်ရုံအနီးမှ **ညလုံးပေါက်သီချင်းဖွင့်၍ အိပ်စက်မရ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

၂၀၀၀ ပြည့်နှစ်မတိုင်မီက ထုတ်လုပ်သောကားများ တင်သွင်းခွင့် ကမ္ဘောဒီးယားတွင် ပိတ်ပင်မည်

ဖနောင်ပင် ဇွန် ၁၉

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ကားအိုကားဟောင်းများ စုပုံရာဒေသတစ်ခု ဖြစ်လာမည်ကို စိုးရိမ်သည့်အတွက် ကုန်သွယ်ရေးဝန်ကြီး ချမ်ပရာ ဆစ်ဒ်က နိုင်ငံတွင်းသို့ ၂၀၀၀ပြည့်နှစ်မတိုင်မီ ထုတ်လုပ်သည့် မော်ဒယ်ထက်နိမ့်သော ကားများကို တင်သွင်းခွင့်မပြုရန် အဆိုပြုထားကြောင်း ဇွန် ၁၇ ရက်ထုတ် ကမ္ဘောဒီးယား နေ့စဉ်သတင်းစာက ဖော်ပြသည်။

ထိုသတင်းစာသည် ခမာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်ဝေသော သတင်းစာဖြစ်သည်။

ကမ္ဘောဒီးယားပြည်တွင်း၌ ဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်မည့် ဂျပန်နိုင်ငံ ဟီးနိုးကားကုမ္ပဏီ၏ ဌာနခွဲဖွင့်ပွဲ အခမ်းအနားတွင် ကုန်သွယ်ရေးဝန်ကြီးက အထက်ပါစကားများကို ပြောကြားခြင်းဖြစ်သည်။

နိုင်ငံအနေဖြင့် ကားဟောင်းများ တင်သွင်းခြင်းကို အပြည့်အဝ ပိတ်ပင်၍ရနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၀ ပြည့်နှစ်ထက် မိုဒယ်နိမ့်သည့် ကားများတင်သွင်းခြင်းကိုသာ ပိတ်ပင်ရန် အဆိုပြုရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့အပြင် ယင်းအဆိုပြုချက်ကို ဝန်ကြီးချုပ် ဟွန်ဆန်ထံ သို့လည်းတင်ပြ၍ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လောင်စာဆီဈေးနှုန်း ကြီးမြင့်မှု ကြောင့် လေကြောင်းလိုင်းပျံသန်းမှု ၇ ရာခိုင်နှုန်း လျှော့ချပြီး ဝန်ထမ်း ၂၀၀၀ ဖြတ်တောက်မည်ဟု ကြေညာထားသည့် ကနေဒါလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တိုရန်တိုမြို့ ပါဆွန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ဇွန် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘိန်းဖြူ ၁၀ ဒသမ ၈ ကီလို စင်ကာပူ၌ဖမ်းဆည်းရမိ

စင်ကာပူ ဇွန် ၁၉

စင်ကာပူ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအရာရှိများသည် တနင်္လာနေ့က ဘိန်းဖြူနံပါတ်(၄) ၁၀ဒသမ ၈ ကီလိုကို ဖမ်းဆီးရမိကြောင်း၊ လွန်ခဲ့သည့် ၁၀ နှစ်အတွင်းက အဆိုပါ မူးယစ်ဆေးဝါးမျိုး ဖမ်းဆီးရမိမှုတွင် ပမာဏအများဆုံးဖြစ်ကြောင်းစင်ကာပူ သတင်းဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖမ်းဆီး

ထိုအမှုတွင် မူးယစ်ဆေးဝါးမှောင်ခို သမားဟု သံသယရှိသူသုံးဦးကိုလည်း စင်ကာပူဗဟိုမူးယစ်အဖွဲ့ (စီအင်န်ဘီ) အရာရှိများက ဖမ်းဆီးခဲ့သည်။

အသက် ၂၄ နှစ်ရှိ မလေးရှား နိုင်ငံသား အမျိုးသားတစ်ဦးလည်း မူးယစ်ဆေးဝါး မှောင်ခို ရောင်းဝယ်မှုအတွက် စစ်ဆေးခံရမည်ဖြစ်သည်။

စစ်ဆေး

မူးယစ်ဆေးဝါး လက်ခံသူ အသက် ၅၃ နှစ်ရှိ မလေးရှားနိုင်ငံသူ အမျိုးသမီးတစ်ဦးနှင့် မူးယစ်ဆေးဝါးသို့လှောင်သူ အသက် ၆၃ နှစ်ရှိ စင်ကာပူနိုင်ငံသား တစ်ဦး တို့ကိုလည်း မူးယစ်ဆေးဝါး လက်ဝယ်ပိုင်ဆိုင်ထားမှုနှင့် ရောင်းဝယ်မှုတို့အတွက် စစ်ဆေးမည်။

၎င်းတို့သည် ပြစ်မှုထင်ရှားပါက သေဒဏ်ပေးခံရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ကားဗုံးပေါက်ကွဲ ၅၁ ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ ရှီးယိုက်အယ်လ်ယူရီ ယာခရိုင်ရှိ ဈေးတစ်ခုအနီး၌ ဇွန် ၁၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၅၁ ဦး သေဆုံးပြီး ၇၅ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းနေ့ စောစောပိုင်းက ဘဂ္ဂဒက်မြို့ မြောက်ပိုင်းရှိ အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေးအဖွဲ့ စစ်ဆေးရေးစခန်းတစ်ခုကို မော်တော်ဆိုင်ကယ် ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးသမားလေးဦး သေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိသည်။

ဘဂ္ဂဒက်မြို့၌ မတ် ၆ ရက်ကတည်းက ကားဗုံးဖြင့် တိုက်ခိုက်မှုတွင် သေဆုံးမှုအများဆုံးဖြစ်ပြီး လူ ၇၀ နီးပါး သေဆုံးကာ တစ်ရာကျော် ဒဏ်ရာရရှိသည်။

ကျရောက်

လွန်ခဲ့သည့် နွေရာသီကတည်းက ဘဂ္ဂဒက်မြို့အနှံ့တွင် အကြမ်းဖက်မှုအများဆုံး ကျရောက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မုတ်သုံအဝင်စောပြီး မိုးသည်းထန်သဖြင့် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသ၌ ရေလွှမ်း

ဂူဝါဟာတီ (အိန္ဒိယ) ဇွန် ၁၉

အိန္ဒိယနိုင်ငံသို့ မုတ်သုံရာသီ ဝင်ရောက်ပြီးနောက် အရှေ့မြောက်ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာအများအပြား ရေနစ်မြုပ်ကာ အနည်းဆုံး လူ ၃၀ သေဆုံးပြီး ထောင်ပေါင်းများစွာ အတိဒုက္ခရောက်ရကြောင်း အာဏာပိုင်များက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

ယခုနှစ်တွင် မုတ်သုံမိုးသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းသို့ အနည်းဆုံးသီတင်းနှစ်ပတ်စော၍ဝင်ရောက်ရာ နေအပူဒဏ်ကြောင့်ခြောက်သွေ့နေသော လွင်ပြင်ဒေသများမှာ အပူဒဏ်မှ သက်သာရာရသွားသည်။ သို့ရာတွင် အရှေ့မြောက်ပိုင်းဒေသ အာသံပြည်နယ်၌မူ မိုးများလွန်းသဖြင့် ရွာပေါင်း ၅၀၀ ခန့် ခါးလယ်လောက် အထိရေမြုပ်နေပြီး ပြည်သူ၃၀၀၀၀၀ ခန့်မှာ ရေဘေးဒုက္ခသည်များ ဖြစ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံမှ လက်ဖက် ထုတ်လုပ်မှု၏ ၅၅ ရာခိုင်နှုန်းမှာ အာသံပြည်နယ်မှ ထွက်ရှိခြင်းဖြစ်သည်။ ယခုရေကြီးမှုကြောင့် အိန္ဒိယ၏ လက်ဖက်ကုန်သွယ်ရေးကို ထိခိုက်မှုမရှိနိုင်ကြောင်း ဆိုင်ရာအရာရှိများက ပြောကြားသည်။

မိုးကြီးမှုကြောင့် အာသံပြည်နယ်အနီးရှိ အရူနာချာပရာဒေ့ရ်ှပြည်နယ်တွင် မြေပြိုခြင်း၊ အဆောက်အအုံများပျက်စီးခြင်းနှင့် ရေကြီးခြင်းများ ဖြစ်ပွားရာ လူ ၃၀ မက သေဆုံးရကြောင်း သတင်းများက ဖော်ပြသည်။

ရေကြီးမှုကြောင့် အာသံပြည်နယ် လစ်ဟာမ်ပူရာခရိုင်တွင်အဝေးပြေးလမ်းမ အချို့ နေရာများကို ရေတိုက်စားကာ တံတားအချို့လည်း ပျက်စီးသွားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်ရှိ ဆီဒါရတ်ပစ်ဒေသတွင် ရေလွှမ်းပြီးနောက် ပျက်စီးသွားသည့် အိမ်များနှင့် ပစ္စည်းများကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ဘနွန်၌ အစိုးရသစ္စာခံများနှင့် အတိုက်အခံ ထောက်ခံသူများအကြား တိုက်ခိုက်မှုဖြစ်ပွား

ဘေရွတ် ဇွန် ၁၉

လက်ဘနွန်နိုင်ငံ အရှေ့ပိုင်းတွင် အစိုးရသစ္စာခံများနှင့် အတိုက်အခံ ထောက်ခံသူများအကြား တိုက်ခိုက်မှုများ တစ်ညလုံး ဖြစ်ပွားမှုကြောင့် လူသုံးဦး သေဆုံးကြောင်း လုံခြုံရေးတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ဘီကာဗယ်လေအရှေ့ပိုင်းရှိ ဆွန်နီများနေထိုင်သည့် ဆာအက်နာရယ် ကျေးရွာနှင့် ရှီးယိုက်များနေထိုင်သည့် တာအယ်ဘာရာကျေးရွာတို့၏ ရွာဖျားတွင် အရုဏ်ဦးအချိန်၌ အကြမ်းဖက်မှုကြောင့် လူလေးဦးဒဏ်ရာရရှိသည်။

အခင်းဖြစ်ပွားမှုများတွင် သေနတ်၊ ဒုံးကျည်၊ လက်ပစ်ဗုံးများနှင့် စိန်ပြောင်းဗုံးများ အသုံးပြုခြင်းကြောင့် အိမ်များနှင့် ဈေးဆိုင်များလည်း ပျက်စီးခဲ့သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က တိုက်ခိုက်မှုများဖြစ်ပွားသည့်နေရာကိုလည်း လက်ဘနွန်စစ်ဘက်က တည်ငြိမ်မှုရှိအောင် ပြန်လည် ထိန်းသိမ်းနိုင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ဩစတြေးလျ၌ ထုတ်လုပ်နိုင်ကြောင်း အတည်ပြုထုတ်ပြန်

ကင်ဘာရာ ဇွန် ၁၉

ဩစတြေးလျနိုင်ငံမှစီအက်စ်အယ်လ် ဆေးဝါးကုမ္ပဏီသည် လူများအား ကူးစက်စေနိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်မှအကာအကွယ်ပေးနိုင်မည့် ပင်ဗက် (Panvax) ခေါ် ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဩစတြေးလျအာဏာပိုင်များက ဇွန် ၁၇ ရက်တွင် အတည်ပြုထုတ်ပြန်သည်။

ကြက်ငှက်တုပ်ကွေး ရောဂါသည် အာရှဒေသ၊ အရှေ့လယ်ပိုင်းဒေသ၊ ဥရောပနှင့် အာဖရိကဒေသများတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ကြိုကြားကြိုကြား ဖြစ်ပွားလျက်ရှိသည်။ ထိုရောဂါကို ဖြစ်ပွားစေသောဗိုင်းရပ်စ်ပိုးမှာH5N1၊ ရောဂါပိုးဖြစ်သည်။ ဩစတြေးလျမှ ထုတ်လုပ်သော ပင်ဗက်ကာကွယ်ဆေးသည် ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ်မှ ကာကွယ်ပေးနိုင်ကြောင်း ဩစတြေးလျ ကျန်းမာရေးဝန်ကြီး နီကိုလာရိုဆန်က ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ နိုင်ငံအများအပြားတွင် ပျံ့နှံ့ဖြစ်ပွားသည့်အတွက် ကြက်ငှက်ကောင်ရေ သန်းပေါင်းများစွာကို သုတ်သင်ခဲ့ရသည်။ ထိုရောဂါကို ဖြစ်ပွားစေသော H5N1ရောဂါပိုးသည် မျိုးဗီဇပြောင်းလဲကာ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်သော ရောဂါပိုးအဆင့်သို့ ရောက်လာမည်ကို ပညာရှင်များက ပူပန်နေကြသည်။ ယင်းရောဂါကို စတင်သတိပြုမိသည့် ၂၀၀၃ ခုနှစ်မှ ယနေ့အထိ အဆိုပါဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူဦးရေမှာ ၂၄၁ ဦး ရှိပြီဖြစ်သည်။

ပင်ဗက် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးကို ထုတ်လုပ်ရာတွင် ဩစတြေးလျအစိုးရက အထောက်အကူပြုခဲ့သည်။ ထိုဆေးဝါးကိုလက်ခံအတည်ပြုနိုင်ရန် ဆေးရုံဆေးခန်းအဆင့်၌ အောင်မြင်စွာ စမ်းသပ်ထားပြီးဖြစ်သည်ဟု ဩစတြေးလျ ကျန်းမာရေးဝန်ကြီး ရိုဆန်က ပြောကြားသည်။

ထိုဆေးဝါးကို ဩစတြေးလျအစိုးရက လက်ခံသုံးစွဲသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သဖြင့် ယင်းဆေးထုတ်လုပ်သော စီအက်စ်အယ်လ်ကုမ္ပဏီ၏ ရှယ်ယာများသည် ၁.၂၅ ရာခိုင်နှုန်းအထိ ဈေးမြင့်တက်သွားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ကိုလ်ကတ္တားမြို့တွင် မုတ်သုံမိုး ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လှိုင်မြို့နယ် (၅)ရပ်ကွက် ကြခင်းကျောင်း ပရိယတ္တိစာသင်တိုက်တွင် အသစ်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် ဖခင်ဦးကြည်စိန်အားအမှူးထား၍ ကွယ်လွန်သူမိခင်ဒေါ်ကျင်ယုံ(၅)လပြည့်အတွက်ရည်စူးလျက် (၅)ရပ်ကွက် မြနန္ဒာလမ်းနေ ဒေါ်ခင်ခင်ဝင်းက အလှူငွေကျပ်ငါးသိန်းကို ကြခင်းကျောင်းဆရာတော် အရှင်ပဏ္ဍိစ္စ(နေပြည်တော်တပ်ကုန်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

Sony Cyber-Shot ကင်မရာ

Smile Shutter Function မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

TMW Enterprise Ltd. က Sony Cyber-Shot ကင်မရာ၏ Smile Shutter Function မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အစီအစဉ်အရ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Sony Singapore မှ မန်နေဂျာ Mr. Spencer Low က Smile Shutter အကြောင်းရှင်းလင်း မိတ်ဆက်ကာ Sony Cyber-shot ကင်မရာများနှင့် ဆက်စပ်ပစ္စည်းများပြကွက်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Sony Singapore မှ Mr. Mark Loo က Smile Shutter နည်းပညာအသစ် တီထွင်ဆန်းသစ်ထားပုံများ၊ ကင်မရာမော်ဒယ်အမျိုးမျိုး အသုံးပြုပုံပြုနည်းများ၊ Sony Cyber-Shot ကင်မရာနည်းပညာများကို ရှင်းလင်းပြောကြားပြီး Smile Shutter Function နည်းပညာသစ် အသုံးပြုနည်း အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသည်။

Sony Cyber-Shot ကင်မရာများ၏ Smile Shutter Function နည်းစနစ်ဖြင့် ကင်မရာရှေ့ရှိ အပြုံးမျက်နှာများကို မလွတ်တမ်း အလိုအလျောက် ရိုက်ယူနိုင်သော ထူးခြားဆန်းသစ်သည့် တီထွင်မှုမှာ Sony တစ်ခုတည်းတွင်သာရှိကြောင်းနှင့် Smile Shutter Function ပါဝင်သော DSC-T 300၊ T 70၊ T 2၊ W 300၊ W 170၊ W 150၊ W 130၊ W 120၊ W 110၊ H 50၊ H 10၊ S 750 နှင့် S 730 မော်ဒယ်ကင်မရာ အမျိုးမျိုးကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များရှိ TMW Enterprise Ltd. ၏ Sony Showroom များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကုတ်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော် ကျင်းပ

တောင်ကုတ် ဇွန် ၁၅

တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ကောင်းမြတ်၏ ဦးဆောင်မှုဖြင့် တောင်ကုတ်မြို့အဝင် အာလိန်ငါးဆင့်ဘုရားနှင့် တောင်ဦးနဒီ ဂေါက်ကွင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၅ ရက် နံနက် ၇ နာရီတွင် အဆိုပါနေရာများ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ တောင်ကုတ်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မဟော်ဂနီ၊ စိန်ပန်း၊ ခြံစည်းရိုးကြက်ဆူ၊ တရုတ်စံကား စသည်ဖြင့် အပင် ၃၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (မြို့နယ်ပြန်/ဆက်)

Sony Cyber- Shot ကင်မရာ၏ Smile Shutter Function မိတ်ဆက်ရှင်းလင်းပွဲတွင် TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်



ရန်ကုန် ဇွန် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်တွင် ၁ဒသမ ၁၈လက်မ၊ သထုံမြို့တွင် ၃ဒသမ ၄၂လက်မ၊ ကျောက်တော်မြို့တွင် ၃ဒသမ ၁၉လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ဒသမ ၀၇လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ နေပြည်တော်ပျဉ်းမနားတွင် ၂ ဒသမ ၀၈ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ဒသမ ၀၄လက်မ၊ မောင်တောမြို့တွင် ၁ဒသမ ၉၃လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ ၈၁လက်မ၊ ရမည်းသင်းမြို့နှင့် စစ်တွေမြို့တို့တွင် ၁ဒသမ ၃၄လက်မစီနှင့် မိတ္ထီလာမြို့တွင် ၁ဒသမ ၃၀လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၂၁ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လ စတုတ္ထရက်သတ္တပတ်ကုန်ရက်များအတွင်း မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန် ရက်များအတွင်း ရန်ကုန်တိုင်းအတွင်း နေရာစိပ်စိပ်၊နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ၄ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၁၉-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) ၂၀-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၂၀-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၃ဒသမ၂)နာရီခန့် ၁၉-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၆-၂၀၀၈	၂၉မမ(၁ဒသမ၁၄လက်မ)	၄၆မမ(၁ဒသမ၈၁လက်မ)	၂၂မမ(၀ဒသမ၈၆လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၉၆၃ မမ (၃၇ဒသမ၉၁လက်မ)	၁၁၈၉ မမ (၄၆ဒသမ ၈၁လက်မ)	၁၄၅၂ မမ (၅၇ဒသမ ၁၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၉-၆-၂၀၀၈ နေ့ ၁၆း၄၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

ယူရို ၂၀၀၈ ကွာတားဖိုင်နယ် ဟော်လန်နှင့် ရုရှား စပိန်နှင့် အီတလီတို့ ဆက်လက်ယှဉ်ပြိုင်မည်

ယူရို ၂၀၀၈ ဘောလုံးပွဲစဉ်များကို ကျင်းပလာခဲ့ရာတွင် ယခုဆိုလျှင် ကွာတားဖိုင်နယ် တတိယနေ့သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ကွာတားပထမပွဲစဉ်အဖြစ် ပေါ်တူဂီနှင့်ဂျာမနီတို့ ဇွန် ၂၀ရက်နံနက်က ကစားခဲ့ရာတွင် ဂျာမနီက ပေါ်တူဂီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်သွားခဲ့ပြီဖြစ်သည်။ ထို့အတူ ယနေ့နံနက်မှာ ခရိုအေးရှားနှင့် တူရကီတို့ ကွာတားဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ပြီး ဖြစ်ပါသည်။ ဂျာမနီသည် ခရိုအေးရှား(သို့) တူရကီနှင့် ဆီမီးဖိုင်နယ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဟော်လန်-ရုရှား

ဟော်လန်နဲ့ ရုရှားတို့ဟာ ဇွန် ၂၂ ရက် နံနက် ၁း၁၅ နာရီမှာ ကွာတားဖိုင်နယ် တတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမှာပါ။ ပြိုင်ပွဲမစတင်ခင်က အုပ်စုကတက်ဖို့ပင် ထင်ကြေးပေးခြင်းမခံခဲ့ရတဲ့ဟော်လန်ဟာ အုပ်စုပွဲတွေမှာ ခြေစွမ်းပြပြီး ဂျာမနီနဲ့ စပိန်တို့ကိုကျော်ကာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားလာခဲ့ပါတယ်။ ရုရှားကတော့ စပိန်အုပ်စုမှာ ပါဝင်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲ ရှုံးနဲ့ အုပ်စုဒုတိယနဲ့တက်လာတာပါ။ ဟော်လန်ဟာ အုပ်စုပွဲမှာ အီတလီ၊ ပြင်သစ်နဲ့ ရိုးမေးနီးယားတို့ကို ဂိုးပြတ်တွေနဲ့ အနိုင်ယူခဲ့ပြီး ချန်ပီယံခြေစွမ်းကို ပြသနိုင်ခဲ့ပါတယ်။ ဒါကြောင့် ခြေစွမ်းသာမန်သာရှိတဲ့ ရုရှားဟာ ဒီအဆင့်ကကျော်နိုင်ဖွယ်ရာ မရှိပါဘူး။ ဒီပွဲမှာ လိမ္မော်ရောင်တပ်ဖွဲ့ဖြစ်တဲ့ ဟော်လန်တို့ပဲ သက်သောင့်သက်သာနဲ့ အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်သွားမယ်လို့ ယူဆရပါတယ်။

စပိန်-အီတလီ

ဇွန် ၂၃ ရက် နံနက် ၁း၁၅ နာရီမှာ စပိန်နဲ့ အီတလီတို့ဟာ ကွာတားဖိုင်နယ်ရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမှာပါ။ စပိန်ဟာ အုပ်စုပွဲတုန်းက ခရိုအေးရှားနဲ့ ဟော်လန်နည်းတူ သုံးပွဲစလုံးအနိုင်ရရှိပြီး ဒီအဆင့်ကို တက်လာတာပါ။ ဟော်လန်ပြီးရင် ဒုတိယတိုက်စစ်အကောင်းဆုံး အသင်းက စပိန်ပါ။ ကမ္ဘာ့ဖလားချန်ပီယံ အီတလီကတော့ အုပ်စု(ဂ)မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး အုပ်စုဒုတိယနဲ့ တက်လာခဲ့တာပါ။ အီတလီရဲ့ ခြေစွမ်းဟာ အကောင်းစားထဲက မဟုတ်တဲ့အပြင် ယခုပွဲမှာ ကွင်းလယ်အဖျက်ကောင်းလှတဲ့ ဂတ်တူဆို ပွဲပယ်ပြစ်ဒဏ်ထိထားတာကြောင့် အသက်ကြီးသမားတွေများတဲ့ အီတလီဟာ လျင်မြန်ပြီး ဂိုးသွင်းသေချာတဲ့ စပိန်ရှေ့တန်းက ဖာနန်ဒိုတောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့ကို ထိန်းနိုင်မယ် မထင်ပါဘူး။ အီတလီရဲ့ရှေ့တန်းမှာ ကာဆာနို၊ ဒယ်လ်ပီယာရိုနဲ့ လူကာတိုနီတို့လို ဂိုးသွင်းတတ်တဲ့ကစားသမားကောင်းတွေ ရှိနေတာကြောင့် ဒီပွဲဟာ အပြန်အလှန်ဂိုးသွင်းမယ့်ပွဲလို့ ယူဆရပါတယ်။ ဒါပေမယ့် လျင်မြန်မှုနဲ့ သက်လုံပိုင်းမှာသာတဲ့ စပိန်တို့ပဲ ဆီမီးဖိုင်နယ်အဆင့်ကို တက်နိုင်ခြေ ပိုများပါတယ်လို့ ဆိုချင်ပါတယ်။

ဝင်းတင်(ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။